

အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက် လက်တွေ့လမ်းညွှန်

# အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် နေရာကဏ္ဍနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်

UNITED NATIONS

UNITED NATIONS
HUMAN RIGHTS
OFFICE OF THE HIGH COMMISSIONER

# မာတိကာ


၁။ ဤလမ်းညွှန်အကြောင်း ........ 1

၂။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် နေရာကဏ္ဍ ........ 3

၂.၁ ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်အကြောင်း တစေ့တစောင်း ........ 6

၃။ လွတ်လပ်သောအရပ်ဘက်လူမှုအဖွဲ့အစည်းအတွက် လိုအပ်သော အခြေအနေများ ........ 8

၃.၁ ဖြစ်ထွန်းနိုင်ခွင့်ရှိသည့်နိုင်ငံရေးနှင့် လူထုပတ်ဝန်းကျင် ........ 9

၃.၂ အထောက်အကူပြုသည့် ထိန်းညှိပေးသောမူဘောင် ........ 10

၃.၃ သတင်းအချက်အလက်များ လွတ်လပ်စွာစီးဆင်းမှု ........ 10

၃.၄ ကာလရှည်အထောက်အပံ့နှင့်အရင်းအနှစ်များ ........ 10

၃.၅ အပြန်အလှန်ဆွေးနွေးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့အတွက် မျှဝေသည့်နေရာကဏ္ဍများ ........ 11

၄။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများ ရင်ဆိုင်ရလေ့ရှိသော စိန်ခေါ်မှုအခက်အခဲများ ........ 17

၄.၁ အရပ်ဘက်လူမှုအဖွဲ့အစည်း၏အလုပ်များအား ဟန့်တားသည့် ဥပဒေ သို့မဟုတ်စည်းမျဉ်းအခြေပြုသည့်အရေးယူဆောင်ရွက်မှုများ ........ 17

၄.၂ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီသော ဆောင်ရွက်ချက်များ ........ 18

၄.၃ ဥပဒေဘောင်ကျော်လွန်သည့် အနှောင့်အယှက်ပေးမှု၊ ခြိမ်းခြောက်မှုနှင့်လက်တုံ့ပြန်မှုများ ........ 19

၅။ မိမိဘာလုပ်နိုင်သလဲ။ ကုလသမဂ္ဂထံ အကူအညီတောင်းဆိုခြင်း ........ 26

၆။ မှတ်တမ်းတင်ထားသည့်ကိုးကားမှုများ ........ 34

၇။ ဆက်သွယ်ရန် ........ 35


"အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများ၏ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့်သမာဓိတို့သည် ကျွန်ုပ်တွင်နှင့်သင့်တွင်ပါ ရိုကျိုးနှိမ့်ချစေသည့်စိတ်များနှင့်ကြီးမားသည့်ကျေးဇူးတင်လိုစိတ်များ ပေါက်ဖွားလာစေသည့်အပြင် လူသားတစ်ဦးချင်းစီ၏ ညီမျှပြီးငြင်းပယ်ခွဲ ထုတ်လို့မရသည့်ဂုဏ်သိက္ခာနှင့် အခွင့်အရေးများအတွက် ဆက်လက်ပြီး ဆောင်ရွက်သွားလိုစိတ်များပေါ် ပေါက်လာစေသည်။"

Zeid Ra'ad Al-Hussein
ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး
အောက်တိုဘာ ၂၀၁၄



# ၁။ ဤလမ်းညွှန်အကြောင်း

လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်နှင့် အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့်နှင့် အများပြည်သူရေးရာကိစ္စများ တွင်ပါဝင်နိုင်ခွင့်တို့သည် လူများအား အတွေးအခေါ်ဝေမျှနိုင်စေခြင်း၊ အတွေးအခေါ်သစ်များပေါက်ဖွားစေနိုင် ခြင်းနှင့် အများနှင့်ပူးပေါင်း၍ မိမိ၏အခွင့်အရေးများအား တောင်းဆိုနိုင်ခြင်းတို့အား ပြုလုပ်နိုင်စေသည့် လူ့အခွင့် အရေးများ ဖြစ်သည်။ ဤသို့သောလူထုလွတ်လပ်ခွင့်များအား ကျင့်သုံးခြင်းမှတစ်ဆင့် ကျွန်ုပ်တို့၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုတို့နှင့်ပတ်သက်ပြီး သိရှိနားလည်သည့်ဆုံးဖြတ်ချက်များချမှတ်သွားနိုင်မည်ဖြစ်သည်။ ထိုအခွင့်အ ရေးများမှတစ်ဆင့် လူထုလှုပ်ရှားမှုများနှင့် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းများတည်ဆောက်ရေးတွင် ပါဝင်နိုင်မည် ဖြစ်သည်။ ၎င်းတို့အား ကန့်သတ်ခြင်းသည် ကျွန်ုပ်တို့၏စုပေါင်းတိုးတက်မှုကို နှောင့်နှေးစေမည်ဖြစ်သည်။

ဤလမ်းညွှန်သည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR) ၏ အရပ်ဘက်လူမှုအဖွဲ့အ စည်းအတွက် ရည်ရွယ်သည့် လူ့အခွင့်အရေးဆိုင်ရာလက်တွေ့လမ်းညွှန်များစာစဉ် (series) မှ ခြောက်အုပ် မြောက်စာအုပ်ဖြစ်ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏လက်ရှိ ဦးစားပေးလျှက် ရှိသော အကြောင်းအရာများထဲမှတစ်ခုဖြစ်

သည့် 'ဒီမိုကရက်တစ်နေရာကဏ္ဍအား ပိုမိုကျယ်ပြန့်လာအောင် ပြုလုပ်ခြင်း' အနေအထားဖြင့် ရေးသားပြုစုထားခြင်းဖြစ်သည်။

ဤလမ်းညွှန်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများ (CSAs) ၏လုပ်ငန်းများနှင့် ပတ်သက်သည့်ကိစ္စရပ်များအား အလေးပေးဖော်ပြထားသည်။လမ်းညွှန်အား' အရပ်ဘက်လူမှုအဖွဲ့အစည်း' နှင့် 'အရပ်ဘက်လူမှုအဖွဲ့အစည်း၏နေရာကဏ္ဍ' ဆိုသော ဝေါဟာရတို့၏အဓိပ္ပာယ်များကိုဖွင့်ဆိုခြင်းဖြင့် အစပြုထား သည်။ ထို့နောက် ၎င်းသည် လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်၊ လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်နှင့် အေးချမ်းစွာ စုဝေးနိုင်ခွင့်နှင့် ဖွဲ့စည်းနိုင်ခွင့်နှင့် အများပြည်သူရေးရာကိစ္စများတွင်ပါဝင်နိုင်ခွင့်တို့အပါအဝင် လွတ်လပ်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုအတွက် လိုအပ်သောအခြေအနေများနှင့်ပတ်ဝန်းကျင်တို့၏ ခြုံငုံသုံးသပ်မှုတစ် ခုအား ပေးသည်။

ဤလမ်းညွှန်ထဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းအနေနှင့် အားလုံးအတွက် လူ့အခွင့်အရေးအားလုံး (နိုင်ငံ သားဆိုင်ရာ၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေး) ကို အဆင့်မြင့်စွာခံစားနိုင်ကြစေရန် ၎င်း၏လုပ်ငန်း များအား ဆောင်ရွက်နိုင်ရန်အတွက် နေရာကဏ္ဍတစ်ခုအားဖော်ထုတ်ရန် အစိုးရများနှင့်အရပ်ဘက်လူမှုအဖွဲ့အ စည်းတွင်ပါဝင် လှုပ်ရှားဆောင်ရွက်သူများအနေနှင့် မည်ကဲ့သို့ အတူတကွလုပ်ကိုင်နိုင်သည်ဆိုသောဥပမာ များကို လည်း ဖော်ပြပေးထားသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်း၏လုပ်ငန်းများအပေါ် အဟန့်အတားများနှင့်အကန့်အ သတ်များအား ဖော်ထုတ်ပြသထားပြီး ထိုအထဲတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှား ဆောင်ရွက် သူများအပေါ် အနှောင့်အယှက်ပေးခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် လက်တုံ့ပြန်ခြင်းတို့ ပါဝင်သည်။ ဤလမ်းညွှန်သည် အရပ်ဘက် လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအား ဒေသခံအဆင့်၌ အရပ်ဘက်လူမှုအဖွဲ့အ စည်းနေရာကဏ္ဍအား မြှင့်တင်ရန်နှင့်အကာအကွယ်ပေးရန်အတွက် ကုလသမဂ္ဂ၏လူ့အခွင့်အရေးစနစ်အား အသုံးပြုရန် ဖိတ်ခေါ်ထားသည်။ အထောက်အကူဖြစ်နိုင် သည့်အရင်းအမြစ်များနှင့် ဆက်သွယ်ရန်အချက် အလက်များအား ဤလမ်းညွှန်၏အဆုံးတွင် ဖော်ပြပေးထားသည်။

ဤလမ်းညွှန်အနေနှင့် အဓိကရည်ရွယ်သည်မှာ ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်နှင့် မရင်းနှီးသေးသော အရပ် ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများ အား ကူညီပံ့ပိုးရန်ဖြစ်သည်။၎င်းအား အစပိုင်းကပင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှား ဆောင်ရွက်သူမျိုးစုံတို့ထံမှ ပံ့ပိုးမှုများနှင့် အကြံဉာဏ်များဖြင့် အားဖြည့်ပြီး ရေးသားပြုစုထားခြင်းဖြစ်သည်။



# ၂။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားဆောင်ရွက်သူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် နေရာကဏ္ဍ

"အကယ်၍ ခေါင်းဆောင်များသည် ပြည်သူလူထု၏အသံကို နားမထောင်ပါက သူတို့သည် လူထု၏အသံကို လမ်းမများပေါ်တွင်၊ ရင်ပြင်များပေါ်တွင်နှင့် မကြာခဏတွေ့ရလေ့ရှိတတ်သောစစ်မြေပြင်များပေါ်တွင် ကြားကြရ ပေလိမ့်မည်။ ၎င်းထက်ကောင်းသည့်နည်းလမ်းရှိပါသည်။ ပိုမိုပါဝင်မှုဖြစ်သည်။ ဒီမိုကရေစီပို၍ရှိခြင်းဖြစ်သည်။ ထိတွေ့မှုနှင့်ပွင့်လင်းမှုပို၍ရှိခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက်နေရာကဏ္ဍ အများဆုံးရှိခြင်းဖြစ်သည်။"

စက်တင်ဘာလ (၂၃) ရက် ၂၀၁၃ ခုနှစ်တွင် ကျင်းပသော အရပ်ဘက်လူမှုအဖွဲ့အစည်းအား ပံ့ပိုးမှုပေးသည့် အဆင့်မြင့်အခမ်းအနား၌ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်း ပြောခဲ့သော မှတ်ချက်ဖြစ်သည်

ဤလမ်းညွှန်သည် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအား ကုလသမဂ္ဂ၏ရည် ရွယ်ချက်ပန်းတိုင်များဖြစ်သော ငြိမ်းချမ်းရေးနှင့်လုံခြုံရေးတို့အား ထိန်းသိမ်းရေး၊ တိုးတက်ဖွံ့ဖြိုးရေးအား ဖော် ဆောင်ရေးနှင့် လူ့အခွင့်အရေးကို မြှင့်တင်ရေးနှင့် လေးစားရေးတို့နှင့်ကိုက်ညီသော စိတ်ဝင်စားမှုများ၊ ရည်ရွယ် ချက်များနှင့်တန်ဖိုးများအား ဝေမျှခြင်းနှင့်ပတ်သက်သည့် အများပြည်သူပါဝင်မှုနှင့်ဆောင်ရွက်မှုတို့၏ပုံစံမျိုးများ ဖြင့် ဆန္ဒအလျောက်လုပ်ကိုင်ဆောင်ရွက်သောပုဂ္ဂိုလ်များနှင့်အုပ်စုများဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ကုလသမဂ္ဂ၏ ကျွန်ုပ်တို့၏ဘဝများတိုးတက်စေရေးအတွက် ဆောင်ရွက်သည့်လုပ်ငန်းများသည် လူ့အခွင့်အ ရေးအားလေးစားမှုအပေါ် အရင်းခံထားသည်။ တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ အလုပ်၏သဘော သို့မဟုတ် သဘာဝကြောင့်ဖြစ်စေ အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများသည် အထက်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း လူ့အခွင့်အရေးကို မြှင့်တင်ပြီးကာကွယ်စောင့်ရှောက်ရန်ကြိုးဆောင်ကြပေ သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများသည် အခွင့်အရေးများနှင့်ပတ်သက်ပြီး နိုးကြား အောင်ပြုလုပ်ခြင်း၊ လူထုအသိုင်းအဝိုင်းတို့၏စိုးရိမ်ပူပန်မှုများအား ဖော်ထုတ်ရာတွင် ပံ့ပိုးမှုပေးခြင်း၊ မဟာဗျူဟာ များ ပုံဖော်ခြင်း၊ မူဝါဒများနှင့်ဥပဒေများအပေါ် သက်ရောက်မှုရှိခြင်းနှင့် တာဝန်ခံယူမှုအတွက် တွန်းအားပေးခြင်း စသည်တို့ကို ဆောင်ရွက်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများသည် အများ ပြည်သူဆိုင်ရာမူဝါဒများချမှတ်ရာတွင် ပို၍အပြည့်အဝသိရှိနားလည်စေရန်အတွက် ရပ်ရွာလူထုတို့၏အမြင်များ အား စုစည်းပြီးလမ်းကြောင်းချပေးသည်။ ထို့အပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက် သူများသည် အနေအထားမျိုးစုံတွင် အန္တရာယ်ရှိပြီး အားနည်းသည့်သူများအတွက် ဝန်ဆောင်မှုများကိုလည်း ဖြည့်ဆည်းပေးသည်။

"**လူတိုင်းတွင် တစ်ဦးချင်းဖြစ်စေ၊အများနှင့်တကွဖြစ်စေ** လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်မှုများအား နိုင်ငံအဆင့်နှင့်နိုင်ငံတကာအဆင့်တွင် အကာအကွယ်ရရှိရန်နှင့်အကောင်အထည်ဖော်ရန်အတွက် မြှင့်တင်ကြိုးပမ်းနိုင်သည့်အခွင့်အရေးရှိသည်။"(ပုဒ်မ ၁၊ အလေးထားဖြည့်စွက်မှုများပါဝင်သည်)။

တစ်ကမ္ဘာလုံးအသိအမှတ်ပြုထားသည့်လူ့အခွင့်အရေးများနှင့်အခြေခံလွတ်လပ်ခွင့်များအား မြှင့်တင်ရန်နှင့်ကာကွယ်ရန် တို့အတွက် လူများ၊ အုပ်စုများနှင့်လူ့အဖွဲ့အစည်း၏အစိတ်အပိုင်းများ၏အခွင့်အရေး များနှင့်တာဝန်ဝတ္တရားများဆိုင်ရာ ကြေညာစာတမ်း၊ (အထွေထွေညီလာခံဆုံးဖြတ်ချက် ၅၃/၁၄၄)၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကြေညာစာတမ်းဟု အများအားဖြင့်ခေါ်ဝေါ်သည်။

ဥပမာအားဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများထဲ၌ပါဝင်သူများမှာ-[1]

- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ အွန်လိုင်းပေါ်ရှိတက်ကြွလှုပ်ရှားသူများ အပါအဝင်၊
- လူ့အခွင့်အရေးအဖွဲ့အစည်းများ (NGO များ၊ အသင်းအဖွဲ့များ၊ နစ်နာသူများကို ထောက်ပံ့သည့်အဖွဲ့အစ စည်းများ)၊
- ညွန့်ပေါင်းအဖွဲ့များနှင့်ကွန်ရက်များ (ဥပမာ - အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်များအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာနှင့် ဆက်စပ်သည့်အခွင့်အရေးများ၊ လိင်တူ၊လိင်ပြောင်းသူ များ၏အခွင့်အရေး (LGBTi) အစရှိသည့်)၊
- မသန်မစွမ်းသူများနှင့် ၎င်းတို့အားကိုယ်စားပြုသည့်အဖွဲ့အစည်းများ၊
- ရပ်ရွာလူထုအခြေပြုအုပ်စုများ (ဌာနေတိုင်းရင်းသားလူမျိုးများ၊ လူနည်းစုများ၊ ကျေးလက်ရပ်ရွာလူထု အသိုင်းအဝိုင်းများ)၊
- ယုံကြည်မှုအခြေပြုသည့်အုပ်စုများ (ဘုရားကျောင်းများ၊ ဘာသာရေးအဖွဲ့အစည်းများ)၊
- သမဂ္ဂများ (အလုပ်သမားသမဂ္ဂများနှင့် သတင်းစာဆရာများ၏အသင်းအဖွဲ့များ၊ တရားသူကြီးများနှင့် ရှေ့နေများနှင့်ဘားအသင်းအဖွဲ့များ၊ ရာဇဝတ်တရားသူကြီးများ၏ အသင်းအဖွဲ့များကဲ့သို့သော ပညာ ရှင်အသင်းအဖွဲ့များနှင့်ကျောင်းသားသမဂ္ဂများ)၊
- လူမှုလှုပ်ရှားမှုများ (ငြိမ်းချမ်းရေးလှုပ်ရှားမှုများ၊ ကျောင်းသားလှုပ်ရှားမှုများ၊ ဒီမိုကရေစီအတွက်လှုပ်ရှား မှုများ)၊
- လူ့အခွင့်အရေးအား ခံစားနိုင်ရန်အတွက် တိုက်ရိုက်ပံ့ပိုးမှုပေးနေသော ကျွမ်းကျင်ပညာရှင်များ (ဥပမာ - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်သားများ၊ ရှေ့နေများ၊ ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာ လုပ်သားများ)၊
- လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ဆွေမျိုးများနှင့်အသင်းအဖွဲ့များနှင့်
- လူ့အခွင့်အရေးအားမြှင့်တင်ရန်ရည်ရွယ်သည့် လှုပ်ရှားမှုများဆောင်ရွက်နေသော အများပြည်သူနှင့် သက်ဆိုင်သည့်တည်ထောင်အဖွဲ့အစည်း (အင်စတီကျူးရှင်း) များ (ကျောင်းများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ)။

[1] *Working with the United Nations Human Rights Programme, A Handbook for CivilSociety*, OHCHR, 2008, p. vii.

အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လုပ်ရှားဆောင်ရွက်သူများသည် အောက်ဖော်ပြပါအကြောင်းအရာများကဲ့ သို့သော လူ့အဖွဲ့အစည်းအတွက် အရေးကြီးသည့်ပြဿနာများအား ဖြေရှင်းရန်နှင့် ကိစ္စရပ်များအားကိုင်တွယ် ရန် တက်ကြွစွာကြိုးပမ်းလျှက်ရှိသည်-

- ဆင်းရဲနွမ်းပါးမှု၊ အကျင့်ပျက်ခြစားမှုနှင့် စီးပွားရေးဆိုင်ရာမမျှတမှုတို့အားတိုက်ဖျက်ခြင်း
- လက်နက်ကိုင်ပဋိပက္ခအပါအဝင် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာအရေးပေါ် အခြေအနေများ အားတုံ့ပြန်ခြင်း
- တရားဥပဒေစိုးမိုးရေးနှင့်တာဝန်ခံယူမှုတို့အား မြှင့်တင်ခြင်း
- အများပြည်သူလူထု၏လွတ်လပ်မှုများအား မြှင့်တင်ခြင်း
- အစိုးရဝင်ငွေများအသုံးစရိတ်များ (ဘတ်ဂျက်များ) ၏ပွင့်လင်းမြင်သာမှုအတွက် ထောက်ခံအားပေးခြင်း
- ပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ခြင်း
- ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်အား အကောင်အထည်ဖော်ခြင်း
- လူနည်းစုများနှင့် အန္တရာယ်ကျရောက်နိုင်သော အခြားအုပ်စုများထဲတွင်ပါဝင်သူများ အား အခွင့်အာဏာ ပေးခြင်း
- ခွဲခြားဆက်ဆံမှုအားလုံးကို တိုက်ဖျက်ခြင်း
- ပြစ်မှုကျူးလွန်ခြင်းများအား ကာကွယ်ခြင်းကို ထောက်ပံ့ခြင်း
- လုပ်ငန်းဆိုင်ရာလူမှုတာဝန်သိမှုနှင့်တာဝန်ခံယူမှုတို့ကို မြှင့်တင်ခြင်း
- လူကုန်ကူးမှုအား တိုက်ဖျက်ခြင်း
- အမျိုးသမီးများအား အခွင့်အာဏာပေးခြင်း
- အမုန်းပွားစေသောအပြောအဆိုများကို တိုက်ဖျက်ခြင်း
- လူငယ်ထုအားအခွင့်အာဏာပေးခြင်း
- လူမှုရေးဆိုင်ရာတရားမျှတမှုနှင့် စားသုံးသူများအား အကာအကွယ်ပေးခြင်းကို မြှင့်တင်ခြင်း
- လူမှုဝန်ဆောင်မှုများအား ထောက်ပံ့ခြင်း

အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လုပ်ရှားဆောင်ရွက်သူများသည် အဆင့်အားလုံးတွင် လုပ်ကိုင်ဆောင်ရွက် သည် - ဒေသန္တရအဆင့်၊ နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်။

အရပ်ဘက်လူမှုအဖွဲ့အစည်း၏နေရာကဏ္ဍသည် လူ့အဖွဲ့အစည်းအတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင် လုပ်ရှားဆောင်ရွက်သူများ ဝင်ရောက်လုပ်ကိုင်သည့်နေ ရာဖြစ်ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်း လုပ်ရှားလည် ပတ်သည့်ပတ်ဝန်းကျင်နှင့်မူဘောင်ဖြစ်ကာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လုပ်ရှားဆောင်ရွက်သူများ၊ တိုင်းပြည်၊ ပုဂ္ဂလိကကဏ္ဍနှင့် အများပြည်သူတို့ဆက်နွယ်သည့်နေရာလည်း ဖြစ်သည်။

## ၂.၁ ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်အကြောင်း တစေ့တစောင်း

ကမ္ဘာတစ်ဝှမ်း ငြိမ်းချမ်းရေးနှင့်လုံခြုံမှုတို့ကိုရရှိနိုင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ရန် ဆောင်ရွက်ခြင်းများ နှင့်အတူ လူတိုင်းအတွက် လူတိုင်း၏လူ့အခွင့်အရေးများကိုမြှင့်တင်ခြင်း နှင့်အကာအကွယ်ပေးခြင်းတို့သည် ကုလသမဂ္ဂ၏မဏ္ဍိုင်သုံးခုမှ တစ်ခုဖြစ်သည်။ ၎င်းသည် ကုလသမဂ္ဂ၏ပဋိညာဉ်စာတမ်းနှင့်နိုင်ငံတကာလူ့အခွင့်အ ရေးဥပဒေထဲတွင်လည်း ၎င်းအား ထည့်သွင်းရေးဆွဲထားသည်။

ကုလသမဂ္ဂသည် လူ့အခွင့်အရေးများအား မြှင့်တင်ရန်နှင့်ကာကွယ်ရန် အခြေခံနည်းလမ်းသုံးခုဖြင့် ကြိုးပမ်း လျှက်ရှိသည် -

(၁) ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR) သည် ကုလသမဂ္ဂအတွင်း လူ့အခွင့်အ ရေးမြှင့်တင်ရေးနှင့်ကာကွယ်ရေးတို့အတွက် ဦးဆောင်ပြီးဆောင်ရွက်နေသောအဖွဲ့အစည်းဖြစ်သည်။ ၎င်းသည် လူ့အခွင့်အရေးအလုပ်၏ထိရောက်မှုအများဆုံးရရှိနိုင်ရန်အတွက် ကုလသမဂ္ဂအထူးအေဂျင်စီ များ၊ ရန်ပုံငွေများနှင့်အစီအစဉ်များ (ဥပမာ - ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ၊ ကုလသမဂ္ဂ ကလေးသူငယ်များဆိုင်ရာရန်ပုံငွေအဖွဲ့အစည်း (UNICEF)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (UNESCO) အစရှိသည့်) ဖြင့် နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက်သည်။

(၂) နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များ (ပဋိညာဉ်များနှင့် သဘောတူညီချက်များ)သည် တိုင်းပြည်များ၏လူ့အခွင့်အရေးဆိုင်ရာတာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ခြင်းနှင့်ပတ် သက်၍ ပုံမှန် သို့မဟုတ် ကာလအလိုက်လေ့လာရန်အတွက် သီးခြားလွတ်လပ်သည့် ကျွမ်းကျင် ပညာရှင်များဖြင့် မျက်နှာစုံညီအစည်းအဝေးများပြုလုပ်ခြင်း သို့မဟုတ် သဘောတူညီချက်ဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းများပြုလုပ်သည်။

(၃) လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်အခြေအနေများ ဆွေးနွေးရန်အတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ များ၏အစိုးရများဖြင့်ဖွဲ့စည်းထားသောအစုအဖွဲ့များ သို့မဟုတ် အဖွဲ့အစည်းများ ဖွဲ့စည်းသည်။ ထိုရည် ရွယ်ချက်အတွက် အဓိကအစိုးရများဖြင့်ဖွဲ့စည်းထားသောအဖွဲ့မှာ လူ့အခွင့်အရေးကောင်စီဖြစ်ပြီး ၎င်း အား အထူးလုပ်ငန်းစဉ်များ (Special Procedures) ဟုခေါ်သော သီးခြားလွတ်လပ်သည့်ကျွမ်းကျင် ပညာရှင်များနှင့် နိုင်ငံအားလုံးအလှည့်ကျသုံးသပ်မှု (Universal Periodic Review) ဟု ခေါ်သော ယန္တရားအစရှိသည်တို့ဖြင့်ပံ့ပိုးမှုပေးသည်။

ထိုသုံးရပ်မှာ သီးခြားရပ်တည်သော်လည်း အပြန်အလှန်အကျိုးပြုသည်။

ထိုလုပ်ပိုင်ခွင့်အာဏာများနှင့်ယန္တရားနှင့်ပတ်သက်သည့် အသေးစိတ်ရှင်းလင်းချက်များအား - *Working with the United Nations Human Rights Programme: A Handbook for Civil Society* (အခန်း ၆ - အရင်းအမြစ်များအား ကြည့်ရန်)။ ထိုလက်စွဲစာအုပ်အား ကုလသမဂ္ဂ၏တရားဝင်ဘာသာစကားခြောက်မျိုးဖြင့် ရရှိနိုင်ပြီး အမြင်နှင့်ပုံနှိပ်စာများအား ကြည့်ရှု

နိုင်ရန်မဖြစ်နိုင်သူများအတွက် Digital Accessible Information System (DAISY) CD Rom format ဖြင့် ပြင်သစ်ဘာသာနှင့်အင်္ဂလိပ်ဘာသာတို့ဖြင့် ရရှိနိုင်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးစက်ယန္တရားကြီး၏လုပ်ငန်းစဉ်အား CSA များ၏ပါဝင်မှုဖြင့် ကျောထောက်နောက်ခံပြု ထားသည်။ နိုင်ငံတကာအဆင့်တွင် အရပ်ဘက်လူမှုအဖွဲ့ အစည်းသည်လူ့အခွင့်အရေးကိစ္စရပ်များနှင့်ချိုးဖောက် မှုများနှင့်ပတ်သက်သည့် ကျွမ်းကျင်မှု၊ နိုးကြားမှုမြှင့်တင်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းနှင့် သတင်းပို့ခြင်းများ ပြုလုပ်သည်။ CSA များသည် လူ့အခွင့်အရေးစံနှုန်းအသစ်များ၊ ယန္တရားများနှင့် အဖွဲ့အစည်းများဖော်ထုတ်ရာ တွင် ကူညီပံ့ပိုးသည့်အပြင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ အတွက် အရင်းအနှစ်များနှင့်အများပြည်သူ၏ ထောက်ခံမှုတို့ကို ဖော်ထုတ်ပေးသည်။

**ကုလမသဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ဆောင်ရွက်ချက်များ**

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်နှင့် အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့်ဖွဲ့ စည်းနိုင်ခွင့်၊ ခြိမ်းခြောက်မှုနှင့်လက်စားချေခြင်းများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကဲ့သို့သော အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက် အထူးသဖြင့်အရေးကြီးသည့်အတည်ပြုဆုံးဖြတ်ချက်များစွာတို့အား အ တည်ပြုကျင့်သုံးခဲ့သည်။ ၂၀၁၃ နှင့် ၂၀၁၄ တို့တွင် ငြိမ်းချမ်းပြီး ကြွယ်ဝချမ်းသာသည့် ဒီမိုကရက်တစ်လူ့အ ဖွဲ့အစည်းများ တည်ဆောက်ရန်အတွက်မရှိမဖြစ်ဖြစ်သော အဆင့်တိုင်းတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံယူ မှုရှိခြင်းတို့မှတစ်ဆင့်အပါအဝင် အုပ်ချုပ်မှုလုပ်ငန်းစဉ်နှင့်ကောင်းသောအုပ်ချုပ်မှုမြှင့်တင်ခြင်းတို့တွင် အရပ်ဘက် လူမှုအဖွဲ့အစည်း၏အဆင့်တိုင်းတွင် တက်ကြွစွာပါဝင်မှု၏အလွန်အရေးကြီးမှုကို အတည်ပြုသည့် အရပ်ဘက် လူမှုအဖွဲ့အစည်း၏နေရာကဏ္ဍနှင့်ပတ်သက်သည့် အတည်ပြုဆုံးဖြတ်ချက် ၂၇/၃၁ နှင့် ၂၄/၂၁ တို့အား  အတည်ပြုခဲ့သည်။

# ၃။ လွတ်လပ်သောအရပ်ဘက်လူမှုအဖွဲ့အစည်းအတွက် လိုအပ်သော အခြေအနေများ

> "သီးခြားလွတ်လပ်သည့်အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ဒေသအဆင့်၊နိုင်ငံအဆင့်နှင့် ကမ္ဘာ့အဆင့် အားလုံးတွင် ကျန်းမာပြီး၊တာဝန်သိသောအုပ်ချုပ်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။"
>
> အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်း၏ ၂၅ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီထံသို့ ပြောကြားသည့် ဗွီဒီယိုအမှာစကား၊ မတ်လ ၂၀၁၄ ခုနှစ်

တိုင်းပြည်များ၏ နိုင်ငံတကာဥပဒေဆိုင်ရာဝတ္တရားများအရနိုင်ငံသားတာဝန်များထမ်းဆောင်နိုင်ရန် အတွက် တစ် ဦးချင်းဖြစ်စေ၊အခြားသူများနှင့်ဆက်စပ်၍ဖြစ်စေ သူတို့၏လုပ်နိုင်စွမ်းရည်များကို တက်ကြွစွာဖြင့်ပံ့ပိုးပေးသည့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့်ဥပဒေဆိုင်ရာအခြေအနေများအား ဖန်တီးပေးရန် တာဝန်ရှိသည်။

အစိုးရအာဏာပိုင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအကြား ဆက်ဆံရေး ကို ပုံဖော်ပေးသည့်လူ့အခွင့်အရေးမူများမှာ -

- **ပါဝင်မှု** - လူ့အဖွဲ့အစည်းအတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်း၏အခန်းကဏ္ဍအား အသိအမှတ်ပြုခံ ထားရပြီးဖြစ်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင် ရွက်သူများသည် သီးခြားလွတ် လပ်စွာလုပ်ဆောင်နိုင်ပြီး အစိုးရအာဏာပိုင်များနှင့်ကွဲပြားသောရပ်တည်ချက်များကိုလည်း ထောက်ခံ အားပေးခွင့်ရှိသည်။
- **ခွဲခြားမှုမရှိခြင်း** - မည်သည့်ခွဲခြားမှုမျိုးမှမပါဘဲ အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင် လှုပ်ရှားဆောင် ရွက်သူများအားလုံးကို အများပြည်သူများ၏ဘဝအတွင်းသို့ကြိုဆိုပြီး ပါဝင်ခွင့်ရှိသည်။
- **ဂုဏ်သိက္ခာ** - အစိုးရအာဏာပိုင်များနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ် ရှားဆောင်ရွက်သူ တို့သည် မတူညီသောကဏ္ဍများမှလုပ်ကိုင်ဆောင်ရွက်နေကြသော်လည်း ဘဝများအား ပိုမိုတိုးတက် လာစေရန်ဆိုသောတူညီသည့်ရည်ရွယ်ချက်ရှိသည်။ ထိုဆက်ဆံရေးအတွက် အပြန်အလှန်လေးစားမှု သည် အဓိကကျသည်။
- **ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံယူမှု** - အများပြည်သူ၏အကျိုးအတွက် ဆောင်ရွက်ရာတွင် အစိုးရအာဏာ ပိုင်များဘက်မှ ပွင့်လင်းမှု၊ တာဝန်သိမှု၊ ရှင်းလင်းမှုနှင့် တာဝန်ခံယူမှုတို့ရှိရန် လိုအပ်သည်။ ထို့အပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများ သည်လည်း အချင်းချင်းနှင့် အများ ပြည်သူတို့အပေါ်လည်း ပွင့်လင်း မြင်သာမှုနှင့်တာဝန်ခံယူမှုရှိရန် လိုအပ်သည်။

ကောင်းသောအလေ့အထအတွက် အဓိကအခြေအနေများမှာ - [2]

[2] လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏အခြေအနေနှင့်ပတ်သက်၍ အထူးအစီရင်ခံစာတင်သွင်းသူ၏အစီရင်ခံစာ၊ လူ့အခွင့်အရေးကာ ကွယ်စောင့်ရှောက်သူများအတွက် လုံခြုံပြီးလုပ်ရှားဆောင်ရွက်နိုင်သည့်ပတ်ဝန်းကျင်၏ အစိတ်အပိုင်းများ၊ A/HRC/25/55။

## ၃.၁ ဖြစ်ထွန်းနိုင်ခွင့်ရှိသည့်နိုင်ငံရေးနှင့် လူထုပတ်ဝန်းကျင် -

နိုင်ငံသားများ၏ထည့်ဝင်မှုကို တန်ဖိုး ထားပြီးအားပေးသည့် နိုင်ငံရေးနှင့်လူထုပတ်ဝန်းကျင်တစ်ခုကို ဆိုလိုသည်။ လက်တွေ့တွင် အဖွဲ့အ စည်းများနှင့်အစိုးရတာဝန်ရှိသူများသည် သူတို့၏ပုံမှန်ထိတွေ့မှုများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း တွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအား တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။

**တူနီးရှား -** အရပ်ဘက်လူမှုအဖွဲ့အစည်းသည် လူ့အခွင့်အရေးနှင့်ဒီမိုကရေစီအတွက် မရှိမဖြစ်ဖြစ်သောဥပဒေများ နှင့်မူဝါဒအသစ်များ ဖော်ထုတ်ရာတွင် ပါဝင်ခြင်းဖြင့် တူနီးရှားနိုင်ငံအသစ်တည်ဆောက်ခြင်းတွင် အခြေခံကျ သည့်အခန်းကဏ္ဍမှပါဝင်သည်။ ဒီမိုကရက်တစ်အသွင်ကူးပြောင်းကာလတွင် ယုံကြည်မှုအတွက်အဖမ်းခံရသော အကျဉ်းသားများအတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့် နိုင်ငံတကာသဘောတူစာချုပ်လေးခု (မသမာစွာပျောက်ဆုံးမှုမှလူသားအားလုံးကိုကာကွယ်ပေးသော နိုင်ငံတကာစာချုပ် (the International Convention on the Protection of All Persons from Enforced Disappearance)၊ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများအတွက် ကတိကဝတ်ပြုညီနှိုင်းချက် (the Optional Protocol to the International Covenant on Civil and Political Rights)၊ ကိုယ်ထိလက်ရောက်ညှင်းပန်းနှိပ်စက်မှုကိုဆန့်ကျင်သော ညှိနှိုင်း စာချုပ် (the Optional Protocol to the Convention against Torture and other Cruel, Inhuman or Dergrading Treatment or Punishment) နှင့် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး၏ရောမစာချုပ် (the Rome Statue of the International Criminal Court)) တို့နှင့်အညီ ဥပဒေများအားမြှင့်တင်ရန်ကဲ့သို့သော ပထမဆုံး ခြေလှမ်းများလှမ်းရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ဆွေးနွေးတိုင်ပင်ခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်အသစ်များ ဖော်ထုတ်ပေးသည့် မရှိမဖြစ်ဖြစ်သော ဒီမိုကရက် တစ်အဖွဲ့အစည်းများထူထောင်ရာတွင်ပါဝင်ခဲ့ပြီး လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့်နှင့် ပတ်သက်သည့်ဥပဒေအသစ်အား ဖော်ထုတ်နိုင်ခဲ့ပြီး ထိုအထဲတွင် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအတွက် အစိုးရက ငွေကြေးထောက်ပံ့ရန် အတွက်နှင့် ပြင်ပမှလည်း ငွေကြေးထောက်ပံ့မှုများရရှိနိုင်ခြင်းတို့အတွက် ပြဋ္ဌာန်းချက်ပါဝင်သည်။ ထိုဥပဒေအား ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပြီးနောက် တူနီးရှားနိုင်ငံတွင် ထောင်ပေါင်းများစွာသောအဖွဲ့အစည်းများ ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ တူနီးရှားနိုင်ငံ၏ပထမဆုံးသော ဒီမိုကရက်စီကျကျဖြင့် ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲဖြစ်သည့် ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း၏အခန်းကဏ္ဍသည် အခြေ ခံကျသည်။ ပထမဦးဆုံးအကြိမ်အနေနှင့် မဲဆန္ဒနယ်အစုအဝေး၏ ရွေးကောက်ပွဲများကို စောင့်ကြည့်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ကူညီပံ့ပိုးမှုဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတက်ကြွလှုပ်ရှားသူ ၁၀,၀၀၀ ကျော်ပါဝင်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် မဲဆန္ဒနယ်အစုအဝေးအတွင်း ကျယ်ပြန့်သောအများစု၏ထောက်ခံ မှုဖြင့်အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအသစ်၏စာသားထဲတွင် ကျား-မတန်းတူညီမျှမှုကို ထည့် သွင်းရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်း၊ အထူးသဖြင့် အမျိုးသမီးများ၏အဖွဲ့အစည်းများက ဆော်ဩခဲ့ သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်း၏နေရာကဏ္ဍ မြှင့်တင်ရေးနှင့်ကာကွယ်ရေးတို့၏အရေးပါမှုအပေါ်ပြုလုပ်သည့် လူ့အခွင့်အရေးကောင် စီ၏မျက်နှာစုံညီအစည်းအဝေးမှ ဆွေးနွေးမှုအကျဉ်းချုပ်ဖြစ်သည်၊ A/HRC/27/33။

**၃.၂ အထောက်အကူပြုသည့် ထိန်းညှိပေးသောမူဘောင်** - ဥပဒေပြုရေး၊ အုပ်ချုပ်ရေးစည်းမျဉ်း များ နှင့်လုပ်ထုံးများသည် နိုင်ငံတကာစံချိန်စံနှုန်းများနှင့်ကိုက်ညီပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းဆောင် ရွက်မှုများအား အကာအကွယ်ပေးသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင်ပါဝင်လှုပ်ရှားဆောင် ရွက်သူများအနေနှင့်တရားဥပဒေကိုလက်လှမ်းမီခြင်း၊ လွတ်လပ်ပြီးထိရောက်မှုရှိသည့် နိုင်ငံအဆင့်လူ့ အခွင့်အရေးအဖွဲ့အစည်းများနှင့်နိုင်ငံတကာလူ့အခွင့်အရေးယန္တရားများအား လက်လှမ်းမီခြင်းတို့အားလုံးသည် ဤမူဘောင်အတွက် အဓိကကျသည်။ ခိုင်မာသည့်ဥပဒေများနှင့်မူဝါဒများသည် အရေးကြီး သော်လည်း မှန်ကန်စွာအကောင်အထည်ဖော်ခြင်းမရှိပါက ထိရောက်မှုမရှိဘဲဖြစ်နေမည်။

**ဆလိုဗေးနီးယားနိုင်ငံ**တွင် လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့်သည် မှတ်ပုံတင်ထားခြင်းမရှိသည့်အဖွဲ့အစည်းများအပါ အဝင် အဖွဲ့အစည်းအားလုံးကို အကာအကွယ်ပေးပြီး မှတ်ပုံတင်ထားခြင်းမရှိသည့်အဖွဲ့အစည်းများတွင်ပါဝင် သောသူများသည် မည်သည့်လှုပ်ရှားမှုကိုမဆို လွတ်လပ်စွာဆောင်ရွက်နိုင်ပြီး ထိုအထဲတွင် ငြိမ်းချမ်းစွာစုဝေး မှုများကိုပါဝင်ပြုလုပ်နိုင်ခြင်း ပါဝင်သည်။

လူတိုင်းတွင် အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့်နှင့်ပတ်သက်၍ ကုလသမဂ္ဂအထူးအစီရင်ခံစာတင်သွင်းသူ၏အစီရင်ခံစာ A/HRC/20/27။

**လက်ဘနွန်နှင့်မော်ရိုကိုနိုင်ငံ**တို့တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေနှင့် ပြည်တွင်းနှင့်ပြည်ပမှ အလှူငွေ များ လက်မခံမီ ခွင့်ပြုချက်ရယူရန် ဥပဒေအရ မလိုအပ်ပါ။

လူတိုင်းတွင် အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့်နှင့်ပတ်သက်၍ ကုလသမဂ္ဂအထူးအစီရင်ခံစာတင်သွင်းသူ၏အစီရင်ခံစာ A/HRC/20/27။

**၃.၃ သတင်းအချက်အလက်များ လွတ်လပ်စွာစီးဆင်းမှု** - ထင်မြင်ယူဆမှုများ၊ အချက်အလက်များ၊ အစီရင်ခံစာများ၊ ကနဦးဆောင်ရွက်မှုများနှင့် ဆုံးဖြတ်ချက်များအား လွတ်လပ်စွာလက်လှမ်းမီနိုင်ခြင်း ဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများသည် ကိစ္စရပ်များနှင့်ပတ်သက်ပြီး ပိုမိုသိရှိလာကာ စိုးရိမ်မှုများအားဖော်ထုတ်နိုင်ပြီး အပြုသဘောဆောင်သည့်လုပ်ငန်းများအား ဆောင် ရွက်နိုင်ကာ အဖြေများရရှိရေးအတွက်လည်း ပံ့ပိုးမှုပေးနိုင်မည်ဖြစ်သည်။

**၃.၄ ကာလရှည်အထောက်အပံ့နှင့်အရင်းအနှစ်များ** - ဘေးဖယ်ခံထားရသူများအတွက် စွမ်းဆောင် ရည်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူအားလုံး အနေနှင့် အရင်းအမြစ်များ၊ စုစည်းရန်နေရာများနှင့် နည်းပညာများရရှိနိုင်ခြင်းကို အာမခံခြင်း။

**ခရိုအေးရှားနိုင်ငံ**တွင် အစိုးရသည် အစီအစဉ်များနှင့်အသင်းအဖွဲ့များ၏စီမံကိန်းများအတွက် ထောက်ပံ့ကြေးများ ခွဲဝေခြင်းဆိုင်ရာကောင်းသောလုပ်ထုံးလုပ်နည်းစည်းကမ်း၊ စံသတ်မှတ်မှုများနှင့်စံနှုန်းများ ၂၀၀၇ (Code of Good Practice, Standards and Criteria for Allocation of Grants for Programmes and Projects of Associations 2007) အား ကျင့်သုံးခဲ့ပြီး ၎င်းသည် အများပြည်သူထောက်ပံ့ကြေးများအားခွဲဝေရာတွင် အစိုးရ၏ အဆင့်တိုင်းရှိ အာဏာပိုင်များအတွက် လိုက်နာရန် ပွင့်လင်းမြင်သာသည့်အခြေခံစည်းမျဉ်းများနှင့်လုပ်ငန်းစဉ်များ ချမှတ်ပေးခြင်းဖြစ်သည်။

ကိုယ်ကျိုးမငဲ့သောဥရောပစင်တာ၏ဥပဒေ (European Center for Not-for-Profit Law (ECNL))၊ အရပ်ဘက်လူမှုအဖွဲ့အစည်း များအတွက် ပြည်သူ့အထောက်အပံ့ - ဘော်လကန်ဒေသအနောက်ပိုင်းနှင့်ဥရောပယူနီယံအဖွဲ့၏ကောင်းမွန်သောလုပ်ထုံးများ (၂၀၁၁) ခုနှစ် (Public Funding for Civil Society Organizations: Good Practices in the European Union and Western Balkans, 2011)။

## ၃.၅ အပြန်အလှန်ဆွေးနွေးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့အတွက် မျှဝေသည့်နေရာကဏ္ဍများ - ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက် နေရာတစ်ခု အာမခံရန်။

**မော်လဒိုက်နိုင်ငံ**တွင် ၂၀၁၄ ခုနှစ်၌ အမျိုးသမီးအခွင့်အရေးဆောင်ရွက်သူများ၊ ဒေသတွင်းရှိ NGO များနှင့် နိုင်ငံ တကာအဖွဲ့အစည်းများနှင့်အတူ အစ္စလာမ့်မူဘောင်အတွင်း ကျား-မတန်းညီမျှမှုရှိရေးနှင့်ပတ်သက်သည့် ဒေ သတွင်းအတွေ့အကြုံများအား ဝေမျှဆွေးနွေးရန်အတွက်ပြုလုပ်သည့် ငါးရက်ကြာ နှီးနှောဖလှယ်ပွဲတစ်ခုအား အစိုးရက ပံ့ပိုးမှုပေးခဲ့သည်။

**မက္ကဆီကိုနိုင်ငံ**တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် စာနယ်ဇင်းသမားများကာကွယ်စောင့်ရေး အတွက် ၂၀၁၂ ဥပဒေ (Law for the Protection of Human Rights Defenders and Journalists) သည် လူ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့်စာနယ်ဇင်းသမားများအပေါ် ခြိမ်းခြောက်မှုများအား ကိုင်တွယ်ဖြေ ရှင်းရန်အတွက် နိုင်ငံအဆင့်ယန္တရားတစ်ခုအား ဖြည့်ဆည်းပေးသည်။ ထိုဥပဒေအား အရပ်ဘက်လူမှုအဖွဲ့အ စည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများနှင့် Congress တို့သည် နိုင်ငံတကာ NGO များ၊ အဖွဲ့အစည်းများနှင့် OHCHR-Mexico တို့၏ပံ့ပိုးမှုဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။

**နီပေါနိုင်ငံ**တွင် ၂၀၁၀ ၌ အဆင့်အတန်းခွဲခြားဖိနှိပ်မှုနှင့်အနှိမ်ခံလူတန်းစားတိုက်ဖျက်မှုဥပဒေ (Caste-based discrimination and Untouchability Act) ၏မူကြမ်းအား အရပ်ဘက်လူမှုအဖွဲ့အစည်း၊ နိုင်ငံအဆင့် အနှိမ်ခံ လူတန်းစားတိုက်ဖျက်ရေးကော်မရှင် (National Dalit Commission) နှင့် နိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့် အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR Country Office) တို့၏ပူပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့သည်။ ထိုဥပဒေအား ၂၀၁၁ ခုနှစ်၊ မေလတွင် အတည်ပြုခဲ့သည်။

**နယူးဇီလန်နိုင်ငံတွင်** ၂၀၁၁ ၌ မသန်စွမ်းဥပဒေ (Disability Bill) ၏မူကြမ်းအား မသန်မစွမ်းသူများအသင်း၏ပါ ဝင်မှုဖြင့် ရေးဆွဲခဲ့သည်။

လွတ်လပ်စွာ စုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့်နှင့်ပတ်သက်၍ ကုလသမဂ္ဂအထူးအစီရင်ခံစာတင်သွင်းသူ၏အစီရင်ခံစာ A/HRC/20/27။

**ဗာနွားတူးနိုင်ငံတွင်** ၂၀၁၃ ခုနှစ်၌ အစိုးရသည် UPR ကော်မတီတစ်ခုအား ထူထောင်ခဲ့ပြီး ဒုဥက္ကဋ္ဌနေရာအား ဗာနွားတူးအစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏အသင်း (Vanuatu Association of Non-Governmental Organizations) က ကိုယ်စားပြုခဲ့သည်။ ထို့အပြင် ဗာနွားတူးနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများ အား ရေးဆွဲခြင်းကို ညှိနှိုင်းဆောင်ရွက် ပေးရန်တာဝန်နှင့် အမျိုးသားလူ့အခွင့်အရေးအင်စတီကျူးရှင်း (National Human Rights Institution) တစ်ခုအား ထူထောင်ရန်အတွက် လုပ်ပိုင်ခွင့်အာဏာပေးခြင်းခံရသောအဖွဲ့အစည်းဖြစ်သည့် အမျိုးသားလူ့အခွင့်အရေးကော်မတီ (National Human Rights Committee - NHRC) တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းက ကိုယ်စားပြုခွင့်ရရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် မသန်မစွမ်းသူများ၏အခွင့်အရေး များဆိုင်ရာကော်မတီ (Committee on the Rights of Persons with Disabilities) ထံ ပေးပို့သည့် အစီရင်ခံ စာမူကြမ်းအား ရေးဆွဲရာတွင် မသန်မစွမ်းသူများနှင့်လု ကိုင်ဆောင်ရွက်နေသောအဖွဲ့အစည်းများဖြင့် ကျယ် ပြန့်စွာဆွေးနွေးတိုင်ပင်ခဲ့သည်။

## အရပ်ဘက်လူမှုအဖွဲ့အစည်း၏လုပ်ငန်းနှင့်ဆက်စပ်သည့် နိုင်ငံတကာဥပဒေစံနှုန်းများ

အရပ်ဘက်လူမှုအဖွဲ့အစည်း၏လုပ်ငန်းအတွက် လုံခြုံစိတ်ချရပြီးလှုပ်ရှားလုပ်ကိုင်နိုင်သည့် ပတ်ဝန်းကျင်တစ်ခု အား နိုင်ငံတကာလူ့အခွင့်အရေးများဥပဒေအားအခြေပြုထားသည့်ခိုင်မာသော နိုင်ငံအဆင့်ဥပဒေမူဘောင်ဖြင့် ပံ့ပိုးရန်လိုအပ်သည်။

လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်၊ ဖွဲ့စည်းနိုင်ခွင့်၊ အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့် အများပြည်သူရေးရာကိစ္စများတွင် ပါဝင်နိုင်ခွင့်တို့သည် အပြုသဘောဆောင်သည့်ပြောင်း လဲမှုအတွက် ပြည်သူများအား ဆော်ဩစည်းရုံးသည့် အ ခွင့်အရေးများ ဖြစ်သည်။ လူတိုင်း၊ တစ်ဦးချင်းဖြစ်စေ သို့မဟုတ် အခြားသူများနှင့်ဆက်စပ်၍ဖြစ်စေ ထိုအခွင့်အ ရေးများအား ရရှိသင့်သည်။ ၎င်းတို့သည် လူထုလှုပ်ရှားမှုအတွက် အဓိကကျသည်။

အဓိကနိုင်ငံတကာလူ့အခွင့်အရေးယန္တရားများထဲတွင် လူထု၏လွတ်လပ်ခွင့်အား အကာအကွယ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များပါဝင်ပြီး အားလုံးသည် ခွဲခြားဆက်ဆံမှုမရှိရေးမူအား ရည်ညွှန်းသည် -

- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း (အပိုဒ် ၁၉၊ ၂၀၊ ၂၁)၊
- နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Convenant on Civil and Political Rights) သည် လွတ်လပ်စွာထ င်မြင်ယူဆနိုင်ခွင့်နှင့်ဖွင့်ဟ ဖော်ပြနိုင်ခွင့်၊ အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့်နှင့် အများပြည်သူဘဝတွင် ပါဝင်နိုင်ခွင့်တို့ အတွက် ဖြည့်ဆည်းပေးသည် (အပိုဒ် ၁၉၊ ၂၁၊ ၂၂၊ ၂၅)၊
- စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights) သည် အလုပ်သမား သမဂ္ဂအား ဖွဲ့စည်းခွင့် သို့မဟုတ် ပါဝင်ခွင့်နှင့် ယဉ်ကျေးမှုဘဝတွင်ပါဝင်ခွင့်တို့အတွက် ဖြည့်ဆည်း ပေးသည် (အပိုဒ် ၈၊ ၁၅)၊

- အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားထားခြင်းအားလုံး ဖျက်သိမ်းရေးသဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination against Women) သည် နိုင်ငံရေး၊ စီးပွားရေး နှင့်ယဥ်ကျေးမှုဘဝများတွင် အမျိုးသမီးများပါဝင်နိုင်ခွင့်အတွက် ဖြည့်ဆည်း ပေးသည် (အပိုဒ် ၃)၊
- နိုင်ငံတကာ လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေးသဘောတူစာချုပ် (International Convention on the Elimination of Racial Discrimination) သည် လွတ်လပ်စွာ ဖွင့်ဟဖော်ပြနိုင်ခွင့်၊ အေးချမ်း စွာစုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့် နှင့် အများပြည်သူရေးရာကိစ္စများတွင် ပါဝင်နိုင်ခွင့်တို့နှင့်ဆက်စပ် သည့် ခွဲခြားဆက်ဆံမှုများအား တားမြစ်သည် (အပိုဒ် ၅)၊
- ကလေးသူငယ်များအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of the Child) သည် လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်၊ အေးချမ်းစွာ စုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့်တို့အ တွက် ဖြည့်ဆည်းပေးသည် (အပိုဒ် ၁၃၊ ၁၅)၊
- မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities) သည် လွတ်လပ်စွာထင်မြင်ယူဆ နိုင်ခွင့်နှင့်ဖွင့်ဟ ဖော်ပြနိုင်ခွင့်၊ အချက်အ လက်များအား လက်လှမ်းမီခွင့်၊ နိုင်ငံရေးနှင့်အများပြည်သူ ဘဝတွင်ပါဝင်နိုင်ခွင့်အပြင် ယဥ်ကျေးမှု ဘဝတွင်ပါ ပါဝင်နိုင်ခွင့်တို့ကို အာမခံပေးသည် (အပိုဒ် ၂၁၊ ၂၉၊ ၃၀)၊
- လူထုပါဝင်သူများ မသင်္ကာဖွယ်ပျောက်ဆုံးမှုမှကာကွယ်ရေးအတွက် နိုင်ငံတကာသဘောတူစာချုပ် (International Convention for the Protection of all Persons against Enforced Disappearance) သည် အတင်းအကျပ်ပျောက်ဆုံးသွားမှုများနှင့် ပျောက်ဆုံးနေသူများ၏ကံကြမ္မာ တို့၏ဖြစ်ရပ်အနေအထားအား ဖော်ထုတ်ရန်ကြိုးပမ်းမှုနှင့်ပတ်သက်သည့်အဖွဲ့အစည်းများနှင့် အ သင်းများအားဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာပါဝင်လှုပ်ရှားခွင့်နှင့် အတင်းအကျပ်ပျောက်ဆုံးမှုဒဏ်ခံ ရသူများအား ကူညီပံ့ပိုးရန် ဖြည့်ဆည်းပေးသည် (အပိုဒ် ၂၄)၊
- ရွှေ့ပြောင်းလုပ်သားများနှင့်မိသားစုဝင်များအားလုံး၏အခွင့်အရေးများကို ကာကွယ်ပေးသော နိုင်ငံ တကာသဘောတူစာချုပ် (International Convenation on the Protection of the Rights of all Migrant Workers and Members of their Families) သည် ဖွဲ့စည်းနိုင်ခွင့်အတွက် ဖြည့်ဆည်းပေးသည် (အပိုဒ် ၂၆)။

လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်၊ အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့်နှင့် အများပြည်သူရေးရာကိစ္စများတွင် ပါဝင်နိုင်ခွင့်တို့သည် အခြားအခွင့်အရေးများဖြစ်သော အများပြည်သူဆိုင်ရာ၊ ယဥ်ကျေးမှုဆိုင်ရာ၊ စီးပွားရေးဆိုင် ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် လူမှုရေးဆိုင်ရာအခွင့်အရေးများအား ရရှိရန်အတွက်လည်း ပို့ဆောင်ပေးသည်။ ၎င်းတို့သည် ပိုမိုကောင်းမွန်သည့်လူမှုအဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုအားဖော်ထုတ်ရန်ရည်ရွယ်ချက်ဖြင့် အမျိုးသမီး များ၊ အမျိုးသားများနှင့် ကလေးသူငယ်များအား လှုပ်ရှားဆောင်ရွက်နိုင်ရန်အခွင့် အာဏာပေးသည်။

**လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်** - လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်ထဲတွင် အချက်အလက်နှင့်ထင်မြင်ယူဆ ချက်အမျိုးအစားအားလုံးအား ရှာဖွေပိုင်ခွင့်၊ ရရှိပိုင်ခွင့်နှင့် ပေးပိုင်ခွင့်တို့ ပါဝင်သည်။ ၎င်းထဲတွင် နိုင်ငံရေးနှင့်ဘာ သာရေးအပြောအဆိုများ၊ အများပြည်သူရေးရာကိစ္စများ၊ လူ့အခွင့်အရေးများအပြင် ယဉ်ကျေးမှုနှင့်အနုပညာဖော် ထုတ်မှုနှင့်ပတ်သက်သည့်အချက်အလက်များနှင့်ထင်မြင်ယူဆချက်များ ပါဝင်သည်။ အတိုင်းအတာအားဖြင့် များ စွာထိခိုက်စေသည်ဟူသော ဖော်ထုတ်ပြောဆိုမှုများအား အကန့်အသတ်များဖြင့်လက်ခံသည် (ဥပမာ - ခွဲခြား ဆက်ဆံမှု၊ ရန်လိုမှုနှင့် အကြမ်းဖက်မှုတို့အား လှုံ့ဆော်မှုများပါဝင်သည့် အမျိုးသား၊ လူမှုရေး သို့မဟုတ် ဘာသာ ရေးမုန်းတီးမှုတို့အား ထောက်ခံအားပေးမှုကို တားမြစ်သည့် Rabat Plan of Action၊ အောက်တိုဘာလ ၅ ရက်၊ ၂၀၁၂ အား ကြည့်ရန်)။ ဖွင့်ဟဖော်ပြမှုမျိုးစုံနှင့် ၎င်းတို့အား မည်ကဲ့သို့ဖြန့်ချိမည်တို့အား အကာအကွယ်ပေးထား ပြီး - အပြော၊ အရေးနှင့် သင်္ကေတဘာသာစကားနှင့် ပုံနှင့် အနုပညာပစ္စည်းများကဲ့သို့သောစကားလုံးမပါသည့် ဖော်ထုတ်မှုများ ပါဝင်သည်။ ဖွင့်ဟဖော်ပြခြင်းသည် စာအုပ်များ၊ သတင်းစာများ၊ လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ကာတွန်းများ၊ စာတမ်းချိတ်ဆွဲမှုများ၊ အဝတ်အစားနှင့် တရားဥပဒေဆိုင်ရာတင်ပြမှုများမှတစ်ဆင့် ထုတ်ဖော်နိုင်သည်။ ၎င်းတွင် ရုပ်သံပုံစံမျိုးစုံသာမက လျှပ်စစ်နှင့်အင်တာနက်အခြေပြုသည့် ဖွင့်ဟဖော်ပြခြင်း နည်းမျိုးများလည်း ပါဝင်သည်။

**လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့်** - အသင်းအဖွဲ့ဆိုသည်မှာ ဘုံအကျိုးအမြတ်တစ်ခု၏ရပ်တည်ချက်တစ် ခုအား အစု လိုက်ဆောင်ရွက်၊ လုပ်ဆောင်၊ ဖော်ထုတ်၊ မြှင့်တင်၊ ရယူ သို့မဟုတ် ကာကွယ်သော မည်သည့်ပုဂ္ဂိုလ်များ သို့မ ဟုတ်အရာများ၏အုပ်စုကိုမဆို ဆိုလိုသည်။ လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့်၏ဥပမာထဲတွင် အရပ်ဘက်လူမှုအဖွဲ့အ စည်းများ၊ ကလပ်များ၊ သမဝါယမအဖွဲ့အစည်းများ၊ NGO များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂများ၊ ဖောင်ဒေးရှင်းများ သို့မဟုတ် အွန်လိုင်းအသင်းအဖွဲ့များထဲတွင် အသင်းဝင်ခြင်းနှင့် ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် မပါဝင်ရန်ရွေးချယ်ခြင်းတို့ ပါဝင်သည်။ "အရင်းအမြစ်များအား ရှာဖွေနိုင်ခွင့်၊ ရရှိနိုင်ခွင့်နှင့် အသုံးပြုနိုင်ခွင့်တို့သည် မည်မျှသေးသည်ဖြစ်စေ မည်သည့်အသင်းအဖွဲ့များအတွက်မဆို တည်ရှိ မှုနှင့်လုပ်ငန်းများထိရောက်စွာလုပ်ကိုင်နိုင်မှုတို့အတွက် အဓိကကျသည်။ လွတ်လပ်စွာဖွဲ့စည်း နိုင်ခွင့်ထဲတွင် အရင်းအမြစ်များအား ရှာဖွေနိုင်ခွင့်၊ ရရှိနိုင်ခွင့်နှင့် အသုံးပြုနိုင်ခွင့် - လူ၊ ပစ္စည်းနှင့် ငွေကြေး - ပြည်တွင်း၊ နိုင်ငံ ခြားနှင့် နိုင်ငံတကာဇာစ်မြစ်များမှရရှိခြင်း ပါဝင်သည်" (A/HRC/23/39၊ အပိုဒ် ၈)။

**လွတ်လပ်အေးချမ်းစွာစုဝေးနိုင်ခွင့်** - အေးချမ်းစွာစုဝေးခြင်းသည် ယာယီဖြစ်ပြီး သီးသန့်ရည်ရွယ်ချက်တစ်ခုအ တွက် ပုဂ္ဂလိကပိုင် သို့မဟုတ် အများပြည်သူပိုင်နေရာတစ်ခုတွင် အကြမ်းဖက်မှုမရှိသည့်စုဝေးခြင်းကို ဆိုလို သည်။ ထိုအထဲတွင် ဆန္ဒပြမှုများ၊ သပိတ်မှောက်မှုများ၊ စီတန်းလှည့်လည်ခြင်းများ၊ လှုံ့ဆော်စည်းရုံးပွဲများ သို့မ ဟုတ် ထိုင်ပြီးဆန္ဒပြမှုများ ပါဝင်သည်။

**အများပြည်သူရေးရာကိစ္စများတွင် ပါဝင်နိုင်ခွင့်**- အများပြည်သူရေးရာကိစ္စများတွင်ဆောင် ရွက်ခြင်းသည် နိုင်ငံ ရေးအခွင့်အာဏာတစ်ခုအား ကျင့်သုံးခြင်းနှင့်ပတ်သက်သည့် ကျယ်ပြန့်သောအယူအဆတစ်ခုဖြစ်ပြီး၊ အထူးသ ဖြင့် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးအာဏာတို့အား ကျင့်သုံးရာတွင်ဖြစ်သည်။ ၎င်းတွင် ပြည်သူ့

အုပ်ချုပ်ရေး၏ကဏ္ဍအားလုံးပါဝင်ပြီး နိုင်ငံတကာ၊ တိုင်းပြည်အဆင့်၊ ဒေသအဆင့်နှင့် ဒေသန္တရအဆင့်မူဝါဒဖော် ထုတ်ရေးနှင့်အကောင်အထည်ဖော်ရေးတို့လည်း ပါဝင်သည်။ပါဝင်မှုသည် လွတ်လပ်စွာရွေးချယ်ထားသော ကိုယ်စားလှယ်များမှတစ်ဆင့် သို့မဟုတ် တိုက်ရိုက်ဖြစ်နိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုခြင်း သို့မ ဟုတ် ပြင်ဆင်ခြင်း၊ ဥပဒေမူကြမ်းများရေးဆွဲခြင်းနှင့်မူဝါဒများဖော်ထုတ်ခြင်း၊ အများပြည်သူကိစ္စရပ်များအား ပြည် သူ့ဆန္ဒခံယူပွဲများမှတစ်ဆင့် ဆုံးဖြတ်ခြင်း၊ ဒေသခံကိစ္စရပ် များနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်ချမှတ်ခြင်းအာဏာ များရှိသော အများလက်ခံသည့်အစုအဝေး များတွင်ပါဝင်ခြင်းတို့ဖြစ်သည်။ နိုင်ငံရေးနှင့်အများပြည်သူရေးရာကိစ္စ များနှင့်ပတ်သက်သည့် အဖွဲ့အစည်းများနှင့်အသင်းအဖွဲ့များ ဖွဲ့စည်းပြီးပါဝင်ခွင့်အပါအဝင် လွတ်လပ်စွာဖွဲ့ စည်းနိုင်ခွင့်သည် အများပြည်သူရေးရာကိစ္စထဲတွင်ပါဝင်ခွင့်အတွက် မရှိမဖြစ်ဖြစ်သည်။

**ခွဲခြားဆက်ဆံမှုမရှိခြင်း** - အထက်ပါအခွင့်အရေးအားလုံးသည် လူတိုင်းအတွက်အာမခံပြီး လူမျိုး၊ အသားအ ရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေး သို့မဟုတ် အခြားထင်မြင်ယူဆချက်၊ လိင်ပိုင်းဆိုင်ရာ ကိုယ်ပိုင်လက္ခဏာ၊ နိုင်ငံသား သို့မဟုတ် လူမှုဇာစ်မြစ်၊ ပိုင်ဆိုင်မှု၊ မွေးရာဇာစ်မြစ်နှင့် အခြားအခြေအနေများ ကဲ့သို့သော ခွဲခြားမှုမျိုးမရှိပါ။ ထိုအခွင့်အရေးများသည် အမျိုးသမီးများ၊ ကလေးများ၊ ဌာနေတိုင်းရင်းသားများ၊ မသန်မစွမ်းသူများ၊ လူနည်းစုအုပ်စုတွင်ပါဝင်သူများ သို့မဟုတ် ဘေးဖယ်ခြင်းအန္တရာယ်ရှိသူများ သို့မဟုတ် ချန် ရစ်ခံရသူများအားလုံးအတွက်ဖြစ်ပြီး ထိုအထဲတွင် သူတို့၏လိင်ပိုင်းဆိုင်ရာဖော ်ငံးပေးမှုနှင့် လိင်ပိုင်းဆိုင်ရာကိုယ် ပိုင်လက္ခဏာတို့ကြောင့် ခွဲခြားဆက်ဆံခြင်းခံရသူများ၊ နိုင်ငံ သားမဟုတ်သူများ၊နိုင်ငံမရှိသူများ၊ ဒုက္ခသည်များ သို့မဟုတ် ရွှေ့ပြောင်းနေထိုင်သူများအပြင် မှတ်ပုံမတင်ထားသောအုပ်စုများအပါအဝင် အသင်းအဖွဲ့များ ပါဝင် သည်။

ထိုနိုင်ငံတကာစံနှုန်းများသည်တိုင်းပြည်၏ကဏ္ဍအားလုံးတွင် ပါဝင်သည် - အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး၊ အခြားပြည်သူ သို့မဟုတ် အစိုးရအာဏာပိုင်များ - မည်သည့်အဆင့်တွင်ဖြစ်စေ - တိုင်းပြည်အဆင့်၊ ဒေသအဆင့် သို့မဟုတ် ဒေသခံအဆင့်။ ထို့အပြင် တိုင်းပြည်အနေနှင့် လူများအား လူတစ်ဦးတစ်ယောက် သို့မဟုတ် တစ်ခုခု ကြောင့်လွတ်လပ်စွာအလုပ်အကိုင်ရရှိခြင်းအား ဟန့်တားခံရခြင်းမှ ကာကွယ်ပေးရမည် ဖြစ်သည်။ တိုင်းပြည်များအနေနှင့် ထိုအခွင့်အရေးများအား မြှင့်တင်ရန်နှင့် ကျင့်သုံးခြင်းအား အကာအကွယ်ပေးရန် အဓိကတာဝန်ရှိသည်။

လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်၊ အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့်တို့သည် အထူးတာဝန်ဝတ္တရားများ အားသယ်ဆောင်သောကြောင့် ၎င်းတို့အားကျင့်သုံးရာတွင် အကန့်အသတ်အချို့ရှိနိုင်သည်။ မည်သည့်အကန့် အသတ်မဆိုအား ဥပဒေက ပြဋ္ဌာန်းရမည်ဖြစ်ပြီး အခြားသူများ၏ရပိုင်ခွင့် သို့မဟုတ် ဂုဏ်သိက္ခာတို့အား လေးစား ရန်အတွက် တင်းကြပ်သည့်လိုအပ်မှုတစ်ခု သို့မဟုတ် တိုင်းပြည်၏လုံခြုံရေးအားကာကွယ်ရန်အတွက် သို့မဟုတ် အများပြည်သူတည်ငြိမ်မှုအတွက် သို့မဟုတ် အများပြည်သူ၏ကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရားတို့အ တွက်သာ ဖြစ်ရမည်။ ပါတီစုံဒီမိုကရေစီ၊ ဒီမိုကရက်တစ်သက်ဝင်ယုံကြည် မှုနှင့် လူ့အခွင့်အရေးတို့အား မြှင့်တင် ရန်တို့ကို ဟန့်တားရန်အတွက် ထိုအနေအထားများအား အကြောင်းပြပြီးအသုံးမချရပါ။

လူ့အခွင့်အရေးကော်မတီ၊ အထွေထွေမှတ်ချက်နံပါတ် ၃၄၊ အပိုဒ် ၁၉ - လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်နှင့်ဖွင့်ဟ ဖော်ပြနိုင်ခွင့်၊ CCPR/C/GC/34 နှင့် အထွေထွေမှတ်ချက်နံပါတ် ၂၅၊ အပိုဒ် ၂၅ - အများပြည်သူရေးရာကိစ္စများတွင် ပါဝင်နိုင်ခွင့်၊ CCPR/C/21/ Rev.1/Add.7။ လူတိုင်းတွင် အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့်နှင့်ပတ်သက်၍ ကုလသမဂ္ဂအထူးအစီရင်ခံစာတင်သွင်းသူ ၏အစီရင်ခံစာ A/HRC/20/27 နှင့် A/HRC/23/39။

> “အစိုးရများအပါအဝင် မည်သူမှ တစ်ဦးတည်း အချက်အလက်များအားလုံး၊ အကောင်းဆုံးထင်မြင်ယူဆချက်ကို မပိုင်ဆိုင်နိုင်ပါ သို့မဟုတ် ကျွန်ုပ်တို့အားလုံးဖြေရှင်းရန်ကြိုးစားနေသည့် ပြဿနာများ၏အခြေခံအကြောင်းရင်း အားလုံးကို မသိနိုင်ပါ။ စုစည်းရရှိသည့်ဉာဏ်ပညာဖြင့်သာ ကျွန်ုပ်တို့ အကျိုးအမြတ်ရရှိနိုင်မည်။ ထို့ကြောင့် ဆုံး ဖြတ်ချက်တစ်ခုမချမှတ်မီ နေရာအားလုံးထံမှကြားသိရန်အရေးကြီးပြီး၊ အထူးသဖြင့် ဘေးဖယ်ခံထားရသူများ၏ အသံများ ကြားရန်လိုအပ်သည်။ ဥပမာအားဖြင့် လူ့အခွင့်အရေးကော်မတီသည် ကျယ်ပြန့်သောဇာစ်မြစ်မျိုးစုံ မှရရှိသည့်အချက်အလက်များအား စုစည်းပြီး ထိုအထဲတွင် အစိုးရများကိုယ်တိုင်အပြင် ကုလသမဂ္ဂနှင့် အရပ် ဘက်လူမှုအဖွဲ့အစည်းတို့မှ ရရှိသည်။ ၎င်းသည် ကျွန်ုပ်တို့၏ နိဂုံးချုပ်လေ့လာမှတ်ချက်များနှင့်ထောက်ခံချက် များပြုလုပ်ရာတွင် အထောက်အကူပြုပြီး ၎င်းသည် အစိုးရများအနေနှင့် သူတို့အတည်ပြုထားသော လူ့အခွင့်အ ရေးသဘောတူညီချက်များအောက်ရှိ တာဝန်ဝတ္တရားများနှင့်အညီ သူတို့၏ ဥပဒေများနှင့်လုပ်ထုံးများအား သယ် ဆောင်ရန်အတွက် လှမ်းရမည့်လက်တွေ့ခြေလှမ်းများအား မြေပုံရေးဆွဲပေးသည်။”


Professor Sir Nigel Rodley, Chairperson,
ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၊ အောက်တိုဘာ ၂၀၁၄

# ၄။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများ ရင်ဆိုင်ရလေ့ရှိသော စိန်ခေါ်မှုအခက်အခဲများ

ဒေသခံအဆင့်၊ တိုင်းပြည်အဆင့်၊ ဒေသအဆင့် သို့မဟုတ် ကမ္ဘာအဆင့်အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင် လှုပ်ရှားဆောင်ရွက်သူများသည်အစိုးရ၏ရပ်တည်ချက်များ၊ မူဝါဒများနှင့် လုပ်ရပ်များကို ဝေဖန် သို့မဟုတ် ဆန့် ကျင်သောကြောင့် သူတို့၏နည်းလမ်းကျသည့်လုပ်ငန်းဆောင်ရွက်မှုများ၏သက်ရောက်မှုများအား တားမြစ်ရန်၊ လျော့ပါးရန်၊ ဟန့်တားရန် သို့မဟုတ် နောက်ပြန်ဆုတ်ရန်ရည်ရွယ်ချက်များရှိသည့် အဟန့်အတားများအား ရင်ဆိုင်ရနိုင်ဖွယ်ရှိသည်။

၎င်းတို့ထဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများ၏လွတ်လပ်ခွင့်အား ဟန့်တား ခြင်းများ သို့မဟုတ် နှောင့်ယှက်မှုများ၊ ခြိမ်းခြောက်မှုများနှင့် လက်တုံ့ပြန်ခြင်းများ ပါဝင်နိုင်သည်။

**အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏လုပ်ငန်းများ၏သက်ရောက်မှုများအား တားဆီး၊ လျော့ပါး၊ ဟန့်တား သို့မဟုတ် နောက်ပြန်ဆုတ်ရန်ပြုလုပ်သည့်နည်းလမ်းများ**




## ၄.၁ အရပ်ဘက်လူမှုအဖွဲ့အစည်း၏အလုပ်များအား ဟန့်တားသည့် ဥပဒေ သို့မဟုတ်စည်းမျဉ်းအခြေပြုသည့်အရေးယူဆောင်ရွက်မှုများ

ဥပဒေများနှင့်စည်းမျဉ်းများသည် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူ များ၏ လွတ်လပ်ခွင့်များကို ကန့်သတ်နိုင်သည်။ ဥပမာအားဖြင့် -

- အပြုသဘောဆောင်သည့်အကျိုးအမြတ်မရှိဘဲ မှတ်ပုံတင်စေခြင်း (ဥပမာ - အခွန်အကျိုးအမြတ် များ)၊
- လုပ်ငန်းအမျိုးအစားများအား ကန့်သတ်ခြင်း၊
- မှတ်ပုံမတင်ဘဲပြုလုပ်သည့်လုပ်ငန်းများကို ရာဇဝတ်ကြောင်းအရအရေးယူခြင်း၊
- နိုင်ငံတကာ NGO များ သို့မဟုတ် ပြည်ပရန်ပုံငွေများရရှိနေသောအသင်းအဖွဲ့များ သို့မဟုတ် လူ့အခွင့်အရေးအတွက်ဆောင်ရွက်နေသောအုပ်စုများအပါအဝင် သီးခြား အသင်းအဖွဲ့များ၏မှတ်ပုံတင် ခြင်းအပေါ် ကန့်သတ်ချက်များထားရှိခြင်း၊
- လုပ်ငန်းများအား မည်သူကပြုလုပ်နိုင်သည် သို့မဟုတ် မည်သည့်လုပ်ငန်းများပြုလုပ်နိုင် သည် အတွက် စံနှုန်းများသတ်မှတ်ခြင်း သို့မဟုတ် ထိုလုပ်ငန်းများအားကန့်သတ်ခြင်း၊
- ငွေကြေးဇာစ်မြစ်များအား ကန့်သတ်ခြင်း (ဥပမာ - နိုင်ငံခြားမှလာသောဇာစ်မြစ်များ) နှင့်
- လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်၊ အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့် ဖွဲ့စည်းနိုင်ခွင့်တို့နှင့်ပတ် သက်သည့် ဥပဒေများထဲတွင် ခွဲခြားမှုရှိသည့်ပြဋ္ဌာန်းချက်များထည့်သွင်းခြင်း သို့မဟုတ် အုပ်စုအချို့အပေါ် မမျှတသည့်ဆိုးကျိုးများ ပါဝင်ခြင်း။

ထို့အပြင် ဝန်ထုတ်ဝန်ပိုးဖြစ်စေသည့် အုပ်ချုပ်မှုလုပ်ငန်းစဉ်များနှင့် လိုသလိုပြုလုပ်သည့်အရေး ယူဆောင်ရွက်မှု များသည် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများ၏ လုပ်ငန်းဆောင်ရွက်မှုကို နှေင့်နှေး စေနိုင်သည်။

အချက်အလက်များအား လွတ်လပ်စွာရယူပိုင်ခွင့်အား လျော့ကျအောင်ပြုလုပ်သည့်အခါတွင် အရပ်ဘက်လူမှု အဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအနေနှင့်မူဝါဒ ချမှတ်ရေးကဏ္ဍတွင် ထိရောက်စွာ ဝင်ရောက် စွက်ဖက်နိုင်ခွင့်ရှိမည် မဟုတ်ပါ။ သဘာဝမကျစွာကျဉ်းမြောင်းသည့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်း စဉ်တွင် တင်းကြပ်သည့်ပါဝင်မှုစနစ်များ (ဥပမာ - အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင် လှုပ်ရှားဆောင်ရွက် သူများအပေါ် ချမှတ်ထားသည့် 'စောင့်ကြည့်လေ့လာသူ၏အဆင့်' သို့မဟုတ် ပြောဆိုခွင့်များအား ကန့်သတ် ခြင်း) သည် လုပ်ငန်းဆောင်ရွက်မှုအတွက် အဟန့်အတားများဖြစ်သည်။ လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့်၏စံနှုန်းများ သည် နိုင်ငံတကာအ ဆင့်တွင်သက်ရောက်သကဲ့သို့ နိုင်ငံအဆင့်နှင့်ဒေသခံအဆင့်တို့တွင်လည်း ထပ်တူသက် ရောက်မှုရှိသည်။[3]

## ၄.၂ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီသော ဆောင်ရွက်ချက်များ

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည်အစိုးရ၏ရပ်တည်ချက်များ၊ မူဝါဒများနှင့် အရေးယူဆောင်ရွက်မှုများ အား ဝေဖန်လာသည့်အခါ သို့မဟုတ် ဆန့်ကျင်လာသည့်အခါ မသဲကွဲသောဥပဒေများသည် ဥပဒေဖြစ်မှုနှင့် တရားဝင်မှုတို့၏အဆောင်အယောင်အောက်တွင် လုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီခြင်းများရှိနိုင်ပြီး (ဥပမာ - ငွေကြေးခဝါချမှုတိုက်ဖျက်ရေး

[3] လွတ်လပ်အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့်၊ အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့်တို့အား ကျင့်သုံးခြင်းနှင့် အင်စတီကျူးရှင်းမျိုးစုံပါဝင် သည့်အနေအထားအတွင်း ဖွဲ့စည်းခြင်းနှင့်ပတ်သက်သည့် ကုလသမဂ္ဂအထူးအစီရင်ခံစာ တင်သွင်းသူ၏အစီရင်ခံစာ A/69/365။

(anti-money laundering)၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ နိုင်ငံလုံခြုံရေး၊ အများပြည်သူ၏ကိုယ်ကျင့်တရား၊ အသရေဖျက်မှု၊ နိုင်ငံ၏အချုပ်အခြာအာဏာကာကွယ်ရေး)၊ ဦးတည်လာမည်မှာ -

- စီမံခန့်ခွဲမှုနှင့်အဖွဲ့အစည်းအတွင်းအုပ်ချုပ်မှုတို့အား လုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီသည့်နည်း လမ်းဖြင့် စိစစ်ခြင်း၊
- မှတ်ပုံတင်ထားခြင်းမှဖယ်ရှားမည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် အမှန်တကယ်ဖယ်ရှားခြင်း၊
- ရုံးအား အတင်းအဓမ္မပိတ်ခြင်း၊
- ပိုင်နက်အတွင်း ဝင်ရောက်ရှာဖွေသိမ်းဆည်းခြင်း၊
- ဒဏ်ကြေးမတန်တဆကောက်ခံခြင်း၊
- လုပ်ကြံ၍တရားစွဲဆိုခြင်း၊
- ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီသည့် ဖမ်းဆီးထိန်းသိမ်းမှုများ၊
- ခရီးသွားလာခွင့်ပိတ်ပင်ခြင်း၊
- နိုင်ငံသားဖြစ်ပိုင်ခွင့်မပေးခြင်းနှင့်
- ဆန္ဒပြခြင်းများနှင့်စုဝေးခြင်းများအား လုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီစွာဖြင့်ကန့်သတ်ပိတ်ပင် ခြင်း။

> အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက် လုံခြုံစိတ်ချရပြီးလုပ်ကိုင်ဆောင်ရွက်နိုင်သည့်ပတ်ဝန်းကျင်တစ်ခုအား ဥပဒေအရနှင့် လက် တွေ့တွင် ဖန်တီးထိန်းသိမ်းခြင်းဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏အတည်ပြုဆုံးဖြတ်ချက် ၂၄/၂၁ တွင် မှတ်ချက်ပေး ထားသည်မှာ "အချို့သောအနေအထားများတွင် ပြည်တွင်းဥပဒေနှင့်အုပ်ချုပ်ရေးပြဋ္ဌာန်းချက်များသည် . . . နိုင်ငံတကာဥပဒေနှင့် မကိုက်ညီသည့်နည်းလမ်းဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်း၏အလုပ်များအားနှောင့်နှေးစေပြီး ဘေးအန္တရာယ်ဖြစ်စေရန်ကြိုးပမ်းခြင်း သို့မဟုတ် မှားယွင်းစွာအသုံးပြုခြင်းများရှိသည်။"

## ၄.၃ ဥပဒေဘောင်ကျော်လွန်သည့် အနှောင့်အယှက်ပေးမှု၊ ခြိမ်းခြောက်မှုနှင့် လက်တုံ့ပြန်မှုများ

အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက်နေရာကဏ္ဍအား ကန့်သတ်စေမည့် ကန့်သတ်ချက်များနှင့်လုပ်ထုံးလုပ် နည်းများနှင့်မကိုက်ညီသောဥပဒေများအား တရားဝင်ချမှတ်ခြင်းအပြင် အခြားအရပ်ဘက်လူမှုအဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နေသူများ သို့မဟုတ် သူတို့၏ မိသားစုများအပေါ်ခြိမ်းခြောက်မှုများ သို့မဟုတ် စိတ်ပိုင်း ဆိုင်ရာဖိအားများနှင့်ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများသည်လည်း သူတို့၏လွတ်လပ်စွာလုပ်ပိုင်ခွင့်အား ဟန့်တား မည်ဖြစ်သည်။

ဥပမာများမှာ -

- တယ်လီဖုန်းမှတစ်ဆင့် ခြိမ်းခြောက်မှုများ၊
- အနီးကပ်စောင့်ကြည့်ခြင်း၊
- ရုပ်ပိုင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာတိုက်ခိုက်မှုများ၊
- ပိုင်ဆိုင်မှုဖျက်ဆီးခြင်း၊
- အလုပ်အကိုင်ရပ်စဲမှု သို့မဟုတ် ဝင်ငွေဆုံးရှုံးမှု၊
- အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်သူများအား 'နိုင်ငံ၏ရန်သူများ'၊ 'သစ္စာဖောက်များ' သို့မဟုတ် 'တိုင်းတပါးအကျိုး' အတွက် လုပ်ဆောင်သူများဟူ၍အမည်တပ်ပြီး နာမည်ပျက်စေသည့်စည်းရုံး လှုံ့ဆော်မှုများ၊
- ပျောက်ဆုံးမှုများ၊
- ညှင်းပန်းနှိပ်စက်မှုများနှင့်
- သတ်ဖြတ်မှုများ။

"လူများနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းအုပ်စုများသည် မကြာခဏဆိုသလို အခြားသူများ၏ဘဝများအား ပိုမို ကောင်းမွန်စေရန်အတွက် မိမိတို့၏အသက်များကို စွန့်စားလေ့ရှိကြသည်။ သူတို့အား အပြီးသတ်တိတ်ဆိတ်သွား အောင်လုပ်နိုင်သည် ဆိုသည်ကိုသိသော်လည်း သူတို့သည် ထုတ်ဖော်ပြောဆိုကြသည်။ အခြားသူများက လျစ် လျူရှုသည့်ပြဿနာများ သို့မဟုတ် ရှိသည်ကိုပင်မသိသည့်ပြဿနာများအား မီးမောင်းထိုးပြသည်။ သူတို့၏အခွင့် အရေးများအားခံစားရန် သူတို့ ထိုက်တန်ကြသည်။"

အရပ်ဘက်လူမှုအဖွဲ့အစည်းအားထောက်ခံမှုပေးသည့် အဆင့်မြင့်အခမ်းအနားတွင် ပြောကြားသည့်
ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်း၏မှတ်ချက်များ
စက်တင်ဘာလ ၂၃ ရက်၊ ၂၀၁၃။

"နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် လက်တုံ့ပြန်ခြင်းတို့သည် လူ့အခွင့်အရေး အတွက်လှုပ်ရှားသူများ သို့မဟုတ် သက်သေခံပေးသူအား သူတို့၏စိုးရိမ်ပူပန်မှုများ ဖော်ထုတ်ပြောဆိုခြင်းနှင့် ကုလသမဂ္ဂ သို့မဟုတ် အခြားနိုင်ငံတကာမှဝင်ရောက်ဆောင် ရွက်သူများနှင့်လုပ်ကိုင်ခြင်းများအပေါ် ဖိအားပေးစေသည်။ တစ်ချိန်တည်း မှာပင် ထိုဆောင်ရွက်မှုများသည် အများပြည်သူအတွင်းကြောက်ရွံ့မှုများဖြစ်ပေါ်စေပြီး ဖိနှိပ်ချုပ်ခြယ်သည့် ပတ်ဝန်းကျင်တစ်ခုအားဖြစ်ပေါ်စေကာ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်း အတွက်မရှိမဖြစ်ဖြစ်သော လွတ်လပ်စွာ ဖွင့်ဟဖော်ပြနိုင်ခွင့်၊ ဖွဲ့စည်းနိုင်ခွင့်နှင့်အေးချမ်း စွာစုဝေးနိုင်ခွင့်တို့အား ရပ်တန့်စေသည်။"

Ambassador Laura Dupuy Lasserre,
ဂျီနီဗာမြို့ရှိကုလသမဂ္ဂရုံး၏ ဥရုဂွေးနိုင်ငံဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်နှင့်လူ့အခွင့်အရေးကောင်စီ
ဥက္ကဋ္ဌ (၂၀၁၁-၂၀၁၂)

## အမျိုးသမီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ

အမျိုးသမီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ (WHRDs) သည်လည်း အမျိုးသားများနည်းတူ တူညီ သောအန္တရာယ်များအား ရင်ဆိုင်ကြရသော်လည်း သူတို့သည် အမျိုးသမီးများဖြစ်သောကြောင့် လိင်ပိုင်းဆိုင်ရာ သီးခြားခြိမ်းခြောက်မှုများနှင့် လိင်ပိုင်းဆိုင်ရာသီးခြားအကြမ်းဖက်မှုများနှင့် ရင်ဆိုင်ရဖွယ်လည်းရှိသည်။
များ သောအားဖြင့် အမျိုးသမီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ (WHRDs) အား မိသားစု၏ရိုးရာအစဉ် အလာအရအမြင်များနှင့် လူ့အဖွဲ့အစည်းအတွင်းအခန်းကဏ္ဍတို့အား စိန်ခေါ်နေသည်ဟုမြင်ကြပြီး ၎င်းသည် လူဦးရေအများစုနှင့်အာဏာပိုင်များ၏ရန်လိုမှုဆီသို့ဦးတည်နိုင်သည်။ ရပ်ရွာလူထုခေါင်းဆောင်များ၊ ယုံကြည်မှု အခြေပြုအုပ်စုများ၊ မိသားစုများနှင့် ရပ်ရွာလူထုများအနေနှင့် အမျိုးသမီးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက် သူများ (WHRDs) များသည် သူတို့၏လုပ်ရပ်များမှတစ်ဆင့် ဘာသာရေး၊ ဂုဏ်သိက္ခာ သို့မဟုတ် ယဉ်ကျေးမှုတို့ အားခြိမ်းခြောက်လျှက်ရှိသည်ဟူသော လွဲမှားသည့်အယူအဆဖြင့် ၎င်းတို့အားသတ်မှတ်ထားနိုင်သည်။

ထို့အပြင် သူတို့လုပ်ကိုင်နေသောအလုပ်များ သို့မဟုတ် သူတို့ရရှိရန်ကြိုးပမ်းနေသည့်အရာများ (ဥပမာ - အမျိုး သမီးများ၏အခွင့်အရေးများ သို့မဟုတ် လိင်နှင့်ဆက်စပ်သည့်အခြားအခွင့်အရေးများရရှိခြင်း) သည်လည်း သူတို့ အား တိုက်ခိုက်မှု၏ပစ်မှတ်များဖြစ်စေသည်။ သူတို့၏မိသားစုများသည်လည်း ခြိမ်းခြောက်မှုနှင့်အကြမ်းဖက်မှု ၏ပစ်မှတ်များဖြစ်လာစေပြီး ရည်ရွယ်ချက်မှာ အမျိုးသမီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ (WHRDs) များအားအထီးကျန်စေရန်နှင့် သူတို့၏အလုပ်များအားဆက်လုပ်ခြင်းကို စိတ်ဓာတ်ကျအောင်ပြုလုပ်ရန်ဖြစ်သည်။ အမျိုးသမီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ (WHRD) များသည် တစ်ဘက်ရှိ အမျိုးသားများထက်ပို၍ အချို့သောအကြမ်းဖက်မှုမျိုးများနှင့် အခြားခွဲခြားဖောက်မှုများ၊ မလိုမုန်းထားမှုများ၊ ချန်ထားခံရမှုများနှင့် ငြင်းပယ်ခံရခြင်းများအား ပို၍ခံရနိုင်ဖွယ်ရှိသည်။ ထိုသီးခြားစိန်ခေါ်မှုများအား အသိအမှတ် ပြုရန်လိုအပ်ပြီး ထိုမှသာလျှင် အကာအကွယ်ပေးရေးယန္တရားများနှင့်အခြားတုံ့ပြန်မှုများအား ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်တွင်ပို၍ အားဖြည့်ပေးနိုင်မည်ဖြစ်သည်။ အစိုးရမှပြုလုပ်သည်ဖြစ်စေ၊ အစိုးရမဟုတ်သည့် ဆောင်ရွက်သူများက ပြုလုပ်သည်ဖြစ်စေခြောက်လှန့်မှုများ၊ ခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများနှင့် အမျိုးသမီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် အခြားချိုးဖောက်မှုများအား ဆောလျင်စွာနှင့် စေ့စပ်သေချာစွာစုံစမ်းရန် လိုအပ်သည်။

၂၀၁၃ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံသည် အမျိုးသမီးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ နှင့်ပတ်သက်သည့် ပထမဆုံးဆုံးဖြတ်ချက်ဖြစ်သည့် အတည်ပြုဆုံးဖြတ်ချက်၆၈/၁၈၁ အား ချမှတ်ခဲ့ပြီး ၎င်းသည် အသက်အပိုင်းအခြားမျိုးစုံရှိ WHRD များ ရင်ဆိုင်နေရသော စနစ်တကျနှင့်အဖွဲ့အစည်းဆိုင်ရာခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုများအပေါ် အထူးစိုးရိမ်ကြောင်းအားဖော်ထုတ်ပြီး သူတို့အားကာကွယ်ပေးရန်နှင့် လူ့အခွင့်အ ရေးအား ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် လုံခြုံစိတ်ချရပြီးလုပ်ကိုင်ဆောင်ရွက်နိုင်သည့်ပတ်ဝန်းကျင် တစ်ခုအားဖန်တီးရာတွင် သူတို့၏ကြိုးပမ်းမှုများအား လိင်ပိုင်းဆိုင်ရာရှုထောင့်ကို ထည့်သွင်းစဉ်းစားသွားရန် နိုင်ငံ များအား ဆော်ဩထားသည်။

**Côte d'Ivoire** တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအားမြှင့်တင်ခြင်းနှင့် အကာအကွယ်ပေးခြင်း ဆိုင်ရာဥပဒေ ၂၀၁၄ ၌ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကြေညာစာတမ်းတွင် အသိအမှတ်ပြုထား သောအခွင့်အရေးအများအပြားအား ထည့်သွင်းထားပြီး ထိုအထဲတွင် လွတ်လပ်စွာဖွင့်ဟဖော်ပြခွင့်၊ အသင်းအဖွဲ့ များနှင့်အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းပိုင်ခွင့်၊ အရင်းအမြစ်များအားလက်လှမ်းမီပိုင်ခွင့်၊ နိုင်ငံတကာအဖွဲ့အစည်းများထံသို့ အချက်အလက်များအား ပေးပို့ပိုင်ခွင့်နှင့် လက်တုံ့ပြန်ခြင်းများထံမှအကာအကွယ်ရရှိခွင့် တို့ ပါဝင်သည်။ထိုဥပဒေထဲတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ သူတို့၏မိသားစုများနှင့်သူတို့၏ နေအိမ်များအား တိုက်ခိုက်ခြင်းထံမှအကာအကွယ်ပေးရန်နှင့် တိုက်ခိုက်မှုများရှိသည့်အခါများတွင် စုံစမ်းစစ်ဆေး မှုများနှင့်အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တာဝန်ဝတ္တရားများပါဝင်သည်။ ၎င်းသည် အမျိုးသမီးလူ့အခွင့်အ ရေးကာကွယ်စောင့်ရှောက်သူများ ရင်ဆိုင်နေရသည့် အထူးခြိမ်းခြောက်မှုများနှင့်သူတို့၏လိုအပ်ချက်များအား အသိအမှတ်ပြုသည်။ Côte d'Ivoire ဥပဒေအား အရပ်ဘက်လူမှုအဖွဲ့အစည်းများက ကြိုဆိုကြပြီး ထိုအထဲတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ Côte d'Ivoire ညွှန့်ပေါင်းအဖွဲ့ (Côte d'Ivoire Coalition of Human Rights Defenders) နှင့် အနောက်အာဖရိကလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကွန်ရက် (West African Human Rights Defenders Network) တို့ ပါဝင်သည်။

## ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ခြင်းအတွက် ပုဂ္ဂိုလ်များနှင့်အဖွဲ့များအား ခြိမ်းခြောက်ခြင်းနှင့်လက်တုံ့ပြန်ခြင်း

"ကုလသမဂ္ဂ၏အလုပ်များအား ကျွန်ုပ်တို့၏အစီအစဉ်အနှံ့တွင် ရှေ့ဆက်ပြုလုပ်ရန်အတွက် အရပ်ဘက်လူမှုအ ဖွဲ့အစည်းသည် အဓိကကျပြီး လူ့အခွင့်အရေးများအတွက်သာမကဘဲ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအပြင် ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အကျုံးဝင်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းသည် မည်သည့်အခါမှ ဤထက်အရေးကြီးပြီး လိုအပ်ခဲ့ခြင်းမရှိခဲ့ပါ။ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်သူများအား လက်တုံ့ပြန်ခြင်းများနှင့်ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခြင်းသည် လက်ခံနိုင်စရာမရှိကာ ၎င်းတို့သည် ပဋိညာဉ်စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းတို့နှင့်အညီ ကျွန်ုပ်တို့လုပ်ကိုင်ရာတွင် အထောက်အကူပေးခြင်းတစ်ခုတည်းကြောင့်သာမကဘဲ အခြားသူများ ကျွန်ုပ်တို့နှင့်အတူလုပ်ကိုင်ခြင်းအား စိတ်ဓာတ်ကျအောင်ရည်ရွယ်သောကြောင့်ဖြစ်သည်။ ဒီမိုက ရေစီအသံများ အားကောင်းလာရန်အတွက် အဆင့်တိုင်းတွင် ကျွန်ုပ်တို့ အရေးယူဆောင်ရွက်ရမည်။"

အရပ်ဘက်လူမှုအဖွဲ့အစည်းအားထောက်ခံမှုပေးသည့် အဆင့်မြင့်အခမ်းအနားတွင် ပြောကြားသည့်
ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်း၏မှတ်ချက်များ
စက်တင်ဘာလ ၂၃ ရက်၊ ၂၀၁၃

"ကုလသမဂ္ဂအနေနှင့် ၎င်း၏တန်ဖိုးဖြတ်၍မရသော လူ့အခွင့်အရေးအတွက်အလုပ်များကို သူတို့၏ပူးပေါင်း ဆောင်ရွက်မှုမရှိဘဲ လုပ်ကိုင်နိုင်မည်မဟုတ်ပါ။ သူတို့ခြိမ်းခြောက်ခံရသည့်အခါနှင့် လက်တုံ့ပြန်ရန်အတွက် ပစ်မှတ်ထားခံရသည့်အခါ သူတို့သည် သားကောင်များဖြစ်သွားသော်လည်း ကျွန်ုပ်တို့သည်လည်း မလုံခြုံသလို ခံစားရသည်။ သူတို့၏ပူးပေါင်းဆောင်ရွက်မှုများ ရပ်တန့်သွားသည့်အခါတွင် လူ့အခွင့်အရေးနယ်ပယ်အတွင်းရှိ ကျွန်ုပ်တို့၏အလုပ်ကိုလည်း လာရောက်ထိခိုက်သည်။"

လက်တုံ့ပြန်ခြင်းနှင့်ပတ်သက်သည့် အဆင့်မြင့်မျက်နှာစုံညီဆွေးနွေးပွဲတွင် ပြောကြားခဲ့သည့်
ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်း၏ထုတ်ပြန်ချက်၊
နယူးယောက်မြို့၊ ၂၀၁၁

အထူးသဖြင့် တုန်လှုပ်စရာကောင်းသည်မှာ လူ့အခွင့်အရေးနယ်ပယ်အတွင်း ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက် ခြင်းအတွက် ပုဂ္ဂိုလ်များနှင့်အုပ်စုများအား ခြိမ်းခြောက်ခြင်းများနှင့်လက်တုံ့ပြန်ခြင်းများ ပြုလုပ်ခြင်းဖြစ်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်၏အလုပ်တွင် ပုဂ္ဂိုလ်များနှင့်အုပ်စုများ ဝင်ရောက်ပူးပေါင်းဆောင်ရွက်ရန်လိုအပ် ခြင်းနှင့်လုပ်ပိုင်ခွင့်တို့အား နိုင်ငံတကာက အသိအမှတ်ပြုထားသော်လည်း ထိုလုပ်ရပ်များနှင့်ပတ်သက်ပြီး  သတင်းများ ဆက်လက်ရရှိနေဆဲဖြစ်သည်။

ကုလသမဂ္ဂယန္တရားများ သို့မဟုတ် အရာရှိများနှင့် ထိတွေ့မှုကြောင့် (ဥပမာ - ကြေညာချက်များ၊ တင်ပြမှုများ၊ အစည်းအဝေးများ အစရှိသည့်) အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှား ဆောင်ရွက်သူများသည် အဆင့် မြင့်အာဏာပိုင်များ၏ အများပြည်သူရှေ့မောက်ကြေညာချက်များမှတစ်ဆင့်အပါအဝင် အစိုးရအာဏာပိုင်များ၏ ခြိမ်းခြောက်မှု သို့မဟုတ် နှောင့်ယှက်မှုများခံရခြင်း၊ အစည်းအဝေးများတွင် ပါဝင်တက်ရောက်ရန် ခရီးသွားလာ ခြင်းများအား ပိတ်ပင်ခံရခြင်းကဲ့သို့သော ခြိမ်းခြောက်မှုများနှင့်လက်တုံ့ပြန်မှုများ ရင်ဆိုင်ရဖွယ်ရှိသည့်အပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအနေနှင့် သူတို့၏လှုပ်ရှားမှုများအား စောင့် ကြည့်ခံရခြင်းနှင့်ကန့်သတ်ခံရခြင်းများ ကြုံတွေ့ရနိုင်သည်။ လူမှုမီဒီယာ၊ ပုံနှိပ်မီဒီယာ သို့မဟုတ် ရုပ်မြင်သံကြား တို့တွင် နာမည်ဖျက်သည့်လှုံ့ဆော်မှုများ ပြုလုပ်ခြင်းသည် အသစ်အဆန်းမဟုတ်ပါ။ ဖုန်းများမှတစ်ဆင့်၊ text message များမှတစ်ဆင့် သို့မဟုတ် တိုက်ရိုက် ခြိမ်းခြောက်မှုများလည်း ရှိနိုင်သည်။ ထို့အပြင် အရပ်ဘက်လူမှု အဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှား ဆောင်ရွက်သူများအနေနှင့် ဖမ်းဆီးခံရခြင်း၊ ရိုက်နက်ခံရခြင်း၊ ညှင်းပန်းနှိပ်စက်ခံ ရခြင်း သို့မဟုတ် အသတ်ဖြတ်ခံရခြင်းပင် တွေ့ကြုံရနိုင်သည်။

လူ့အခွင့်အရေးကောင်စီသည် ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး အတည်ပြုဆုံးဖြတ်ချက်များ စွာချမှတ်ခဲ့ပြီး ထို အထဲတွင် အတည်ပြုဆုံးဖြတ်ချက် ၂၄/၂၄ နှင့် ၁၂/၂ တို့ ပါဝင်သည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် လူ့ အခွင့်အရေးနယ်ပယ်အတွင်း ကုလသမဂ္ဂနှင့်ပူးပေါင်း ဆောင်ရွက်ခြင်းအတွက် လက်တုံ့ပြန်ခံရသည့်အဖြစ်အပျက်များနှင့်ပတ်သက်၍ နှစ်စဉ်အစီရင်ခံစာတင်သွင်းလျှက်ရှိသည်။ အထွေထွေအတွင်းရေးမှူးချုပ်နှင့် လူ့အခွင့် အရေးဆိုင်ရာမဟာမင်းကြီးတို့နှစ်ဦးစလုံးသည် ထိုကဲ့သို့သောလက်တုံ့ပြန်မှုအား လက်မခံနိုင်ကြောင်းကို ထပ်တလဲလဲကြေညာခဲ့သလို ထိုကဲ့သို့သောအပြုအမူများအပေါ် ကုလသမဂ္ဂအနေနှင့် ပူးပေါင်းညှိနှိုင်း

ပြီးပြုလုပ်သည့် တုံ့ပြန်မှုမျိုးပြုလုပ်ရန် လိုအပ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။ အခြားလူ့အခွင့်အရေးယန္တရား များသည်လည်း လက်တုံ့ပြန်ခြင်းအားဆန့်ကျင်သည့် ခိုင်မာသော အများပြည်သူရှေ့ရပ်တည်မှုများ ပြုလုပ်ခဲ့ သည်။

## လက်တုံ့ပြန်ခြင်းဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်ပြဋ္ဌာန်းချက်များ

**စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် ၏ Optional Protocol - အပိုဒ် ၁၃**

လက်ရှိ protocol နှင့်အညီ ကော်မတီနှင့်ဆက်သွယ်ခြင်း၏အကျိုးဆက်အနေနှင့် မည်သည့်မလိုလားသော ပြုမှုဆက်ဆံမှုမျိုး သို့မဟုတ် ခြိမ်းခြောက်မှုများမဆိုအား မိမိ၏ပိုင်နက်အတွင်း မည်သူမှပြုလုပ်ခံရခြင်းမရှိအောင် နိုင်ငံအနေနှင့် လိုအပ်သောအရေးယူ ဆောင်ရွက်မှုအားလုံးကို ပြုလုပ်ရမည်ဖြစ်သည်။

**ဆက်သွယ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် ကလေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်၏ Optional Protocol - အပိုဒ် ၄**

လက်ရှိ protocol နှင့်အညီ ကော်မတီနှင့်ဆက်သွယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးဆက် အနေနှင့် မည်သည့်လူ့အခွင့်အရေးချိုးဖောက်မှုမျိုး၊ မလိုလားသောပြုမှုဆက်ဆံမှုမျိုး သို့မဟုတ် ခြိမ်းခြောက်မှု များမဆိုအား မိမိ၏ပိုင်နက်အတွင်း မည်သူမှပြုလုပ်ခံရခြင်းမရှိအောင် နိုင်ငံအနေနှင့် လိုအပ်သောအရေးယူ ဆောင်ရွက်မှုအားလုံးကို ပြုလုပ်ရမည်ဖြစ်သည်။

**အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဖိနှိပ်မှုများပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်၏ Optional Protocol - အပိုဒ် ၁၁**

လက်ရှိ protocol နှင့်အညီ ကော်မတီနှင့်ဆက်သွယ်ခြင်း၏အကျိုးဆက်အနေနှင့် မည်သည့်မလိုလားသော ပြုမှုဆက်ဆံမှုမျိုး သို့မဟုတ် ခြိမ်းခြောက်မှုများမဆိုအား မိမိ၏ပိုင်နက်အတွင်း မည်သူမှပြုလုပ်ခံရခြင်းမရှိအောင် နိုင်ငံအနေနှင့် လိုအပ်သောအရေးယူ ဆောင်ရွက်မှုအားလုံးကို ပြုလုပ်ရမည်ဖြစ်သည်။

**ဩသစတြေးလျားနိုင်ငံ**တွင် ၁၉၈၂ ခုနှစ် Ombudsman Board Act ၏ အပိုဒ် (၁၈) အရ - "ညှင်းပန်းနှိပ်စက်ခြင်း အား တားဆီးခြင်းဆိုင်ရာကော်မတီခွဲဖြစ်သည့် Ombudsman Board သို့မဟုတ် ၎င်းကထူထောင်သော ကော်မရှင်များထံသို့ အချက်အလက်များပေးပို့ခြင်းကြောင့် မည်သူ့ကိုမှဒဏ်ခတ်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် အပြစ်ပေးခြင်းမျိုးများ မပြုလုပ်ရ" ဟု ဖော်ပြထားသည်။

**မွန်တီနီဂရိုး**တွင် ၂၀၀၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း ၅၆ တွင်ဖော်ပြထားသည်မှာ - "လူတိုင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေကကာကွယ်ပေးထားသောအခွင့်အရေးများနှင့် အာမခံပေး ထားသောလွတ်လပ်မှုများအတွက် နိုင်ငံ တကာအဖွဲ့အစည်းများထံ အားကိုးအားထားပြုပိုင်ခွင့်ရှိ သည်" ဟု ဖော်ပြထားသည်။

ဥပဒေနှင့်အုပ်ချုပ်မှုဆိုင်ရာကန့်သတ်မှုများသည်နှောင့်ယှက်မှု၊ ခြိမ်းခြောက်မှုနှင့် လက်တုံ့ပြန်မှုတို့နှင့်ပေါင်းစပ် သည့်အခါတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အနေနှင့် အစိုးရများနှင့် အပြုသဘောဆောင်ကာလက်တွဲ ဆောင်ရွက်နိုင်ခြင်းကို လျော့ပါးစေသည်။ ၎င်းတို့ရည်ရွယ်သည်မှာ အရပ်ဘက်လူမှုအဖွဲ့အစည်း၏လုပ်ဆောင် မှု များ၏သက်ရောက်မှုများကို တားဆီး၊ လျော့ကျ၊ အယုံအကြည်မဲ့၊ ဟန့်တား သို့မဟုတ် နောက်ပြန်ဆုတ်ရန်တို့ ဖြစ်သည်။ ထိုနေရာကဏ္ဍအား မြှင့်တင်ရန်နှင့်အကာအကွယ်ပေးရန်နှင့် လုံခြုံစိတ်ချရပြီးလုပ်ကိုင်ဆောင်ရွက်နိုင် သည့်ပတ်ဝန်းကျင်တစ်ခုအား ဖော်ထုတ်နိုင်ခြင်းတို့ကို မဆောင်ရွက်နိုင်ခြင်းသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အ ရေးဥပဒေအောက်ရှိ နိုင်ငံတစ်ခု၏ တာဝန်ဝတ္တရားများနှင့် ဆန့်ကျင်လျှက်ရှိသည်။

နိုင်ငံများအနေနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအား ကာကွယ်ရန် အဓိကတာဝန်ရှိသော်လည်းအရပ်ဘက်လူမှုအဖွဲ့အစည်း၏နေရာကဏ္ဍ သို့မဟုတ် အရပ်ဘက်လူမှုအဖွဲ့အစည်း များကိုယ်တိုင် သူတို့၏လူ့အခွင့်အရေးအားမြှင့်တင်ရန်လုပ်ဆောင် မှုများကြောင့် အန္တရာယ်ကျရောက်သည့်အခါ များတွင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် သူတို့အားပံ့ပိုးရန်နှင့်အကာအကွယ်ပေးရန် စိတ်ဝင်စားမှုနှင့်တာဝန် ဝတ္တရားရှိသည်။

# ၅။ မိမိဘာလုပ်နိုင်သလဲ။ ကုလသမဂ္ဂထံ အကူအညီတောင်းဆိုခြင်း

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေသည် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအနေ နှင့် ပံ့ပိုးမှုနှင့်လမ်းညွှန်မှုရရှိနိုင်ရန်အတွက် သွားရောက်နိုင်သော ထူးခြားသည့် နိုင်ငံတကာစင်မြင့်တစ်ခု ဖြစ် သည်။ ထိုစင်မြင့်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR)၊ လူ့အခွင့်အရေး သဘော တူစာချုပ်တွင် လက်မှတ်ရေးထိုးထားအဖွဲ့များနှင့် လူ့အခွင့်အရေးကောင်စီနှင့် ၎င်း၏ယန္တရားများ (အထူးလုပ် ငန်းစဉ်များ၏လုပ်ပိုင်ခွင့်အာဏာများ၊ နိုင်ငံအားလုံး အလှည့်ကျသုံးသပ်မှု အစရှိသည့်) ပါဝင်သည်။

"နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများသည် လူမှုအဖွဲ့အစည်းများကို နိုင်ငံတကာသဘောတူညီချက်များအား သိသာစေရန်ဆောင်ရွက်ရန်အတွက် ကျွမ်းကျင့်အဆင့်မှုဘောင်တစ်ခုကို သတ်မှတ်ပေးသည်။ ထိုစံနှုန်းများသည် လူမှုအဖွဲ့အစည်းများ၏လုပ်ငန်းများကို အတည်ပြုရုံသာမက အစိုးရများ၏လူ့အခွင့်အရေးတာဝန်ဝတ္တရားများ အား သီးခြားလွတ်လပ်စွာစောင့်ကြည့်ပြီးသတင်းပို့နိုင်ရန်အတွက်လည်း အသုံးဝင်သည့်စင်မြင့်တစ်ခုဖြစ်သည်။ နိုင်ငံတကာလူ့အခွင့်အရေးယန္တရားများသည် အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက် ပိုမိုလုပ်ကိုင်ဆောင်ရွက်နိုင် သည့်ပတ်ဝန်းကျင်တစ်ခုပေါ်ထွက်လာစေရန်အတွက် မရှိမဖြစ်ဖြစ်သောစင်မြင့်တစ်ခုဖြစ်သည်။ အထူးသဖြင့် ကန့်သတ်ချက်များရှိသောအနေအထားများတွင် ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့များသည် တိုင်းပြည်၏အရပ် ဘက်လူမှုအဖွဲ့အစည်းအုပ်စုများအား နိုးကြားမှုမြှင့်တင်ရန်နှင့် သိမ်မွေ့သည့်ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းရန်အတွက် အရေးကြီးသည့်ဝင်ရောက်သည့်နေရာလည်းဖြစ်သည်"။

Dr. Danny Sriskandarajah,
Secretary General, CIVICUS: World Alliance for Citizen Participation,
October 2014

ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားများသည် အရပ်ဘက်လူမှုအဖွဲ့အစည်း၏နေရာကျဉ်းမှုများအား အကာအအ ကွယ်ပေးနိုင်သည့် လမ်းကြောင်းနှစ်ခုရှိသည် -[4]


*အဟန့်အတားများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းအပေါ်ခြိမ်းခြောက်မှုများနှင့် ကောင်းသောလုပ်ထုံးများနှင့်ပတ် သက်သည့်မှတ်တမ်းများ။* လူ့အခွင့်အရေးအခြေအနေများနှင့် ပတ်သက်သည့်မှတ်တမ်းများသည် ကုလသမဂ္ဂလူ့ အခွင့်အရေးယန္တရားများအား ဝင်ရောက်ဆောင်ရွက်နိုင်စေခြင်းအတွက် အခြေခံများဖြစ်သည်။ အရပ်ဘက်လူမှု အဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများ၏ အသေအချာမှတ်တမ်းတင်ပြီးအတည်ပြုထားသောအချက်

[4] ထိုယန္တရားများနှင့် ရင်းနှီးမှုမရှိသေးသောစာဖတ်သူများအနေနှင့် OHCHR ၏အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက်လက်စွဲစာအုပ်ဖြစ်သည့် - *Working with the United Nations human rights programme* အား ကိုးကားရန်ရည်ညွှန်းပါသည်။ နောက်ထပ်လမ်းညွှန်မှုနှင့်အကြံဉာဏ်များ ရရှိရန်အတွက်ကြည့်ရန် - *Practical Guides for Civil Society, including How to Follow Up on United Nations Human Rights Recommendations*။

အလက်များသည် အရေးယူဆောင်ရွက်ရန်အတွက် အားကောင်းသောအကြောင်းရင်းဖြစ်စေပြီး ပိုမိုခိုင်လုံကာ ဆွဲဆောင်မှုရှိ၍ ငြင်းဆိုရန်ခက်ခဲပြီး လူ့အခွင့်အရေးများကိုမြှင့်တင်ပြီးကာကွယ်ရန်အတွက် ထိရောက်သောနည်း လမ်းဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအား အဟန့်အတားများ၊ အရပ် ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအပေါ်နှင့် သူတို့လုပ်ကိုင်သည့်နေရာများအပေါ် ခြိမ်း ခြောက်မှုများအပြင် ကောင်းသောအလေ့အထများနှင့်ပတ်သက်၍ မှတ်တမ်းများ (ဥပမာ - တိကျမှန်ကန်သည့် အချက်အလက်များ၊ အသေအချာပိုင်းခြားစိတ်ဖြာထားသောခိုင်မာသည့်အကြံပြုချက်များ) အား ကုလသမဂ္ဂလူ့ အခွင့်အရေးယန္တရားများအားဝေမျှရန် ကမ်းလှမ်းသည်။

*ရရှိထားသောနေရာအား အသုံးချခြင်း။* နိုင်ငံတကာတွေ့ဆုံဆွေးနွေးပွဲများနှင့်အစည်းအဝေးများ သို့မဟုတ် ကျွမ်း ကျင်ပညာရှင်များ လာရောက်လည်ပတ်သည့်အခါများတွင် အခွင့်အရေးများအားအသုံးပြုရန် အရပ်ဘက်လူမှု အဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအား ပါဝင်တက်ရောက်ရန်အတွက် ဖိတ်ခေါ်ထားလျှက်ရှိသည်။ တင်သွင်းမှုများပြုလုပ်ခြင်း၊ အဖွဲ့အစည်းများ၏အကျဉ်းရုံးရှင်းလင်းပွဲများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း၏ နေရာကဏ္ဍများနှင့်ပတ်သက်သည့်နိုးကြားမှုများအား မြှင့်တင်ရန်အတွက် ပါဝင်သူများအကြား ကွန်ရက်ချိတ်ဆက်ခြင်းအပြင် အကြံပြုမှုများနှင့်အောင်မြင်သည့်နည်းဗျူဟာများ ဝေမျှခြင်းတို့မှတစ်ဆင့်လည်း အခွင့်အလမ်း များရှိသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်း၏နေရာကဏ္ဍဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သော ကုလသမဂ္ဂလူ့အခွင့်အရေး ယန္တရားများနှင့်လုပ်ကိုင်ခြင်းဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအနေနှင့် ထွက်လာသည့်ရလဒ်များ (ဥပမာ - ဥပဒေဆိုင်ရာ၊ အုပ်ချုပ်မှုဆိုင်ရာနှင့် အခြားအရေးယူဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး အစိုးရများအပေါ်ပြုလုပ်သည့် နိုင်ငံတကာတွေ့ရှိချက်များနှင့်အကြံပြုချက်များ) အား အရပ်ဘက်လူမှုအဖွဲ့အစည်း၏နေရာကဏ္ဍအားကာကွယ်ရန်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားဆောင်ရွက် သူများအား ဒေသအတွင်း လုပ်ပိုင်ခွင့်အာဏာပေးရန်အတွက် သူတို့၏အလုပ်များထဲတွင် ထည့်သွင်းအသုံး ပြုနိုင်သည်။



ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာလုပ်ပိုင်ခွင့်အာဏာများနှင့်ယန္တရားများ၏ရလဒ်ဥပမာများ -

- သဘောတူစာချုပ်ချုပ်ဆိုထားသည့်အဖွဲ့အစည်းများ၏နိဂုံးချုပ်သုံးသပ်မှုတွေ့ရှိချက်များ အပြင် ဖြစ်ရပ်တစ်ခုချင်း စီအတွက် အမြင်များနှင့်အကြံပြုချက်များ၊
- အလည်အပတ်ခရီးစဉ်နှင့်ပတ်သက်သည့်အစီရင်ခံစာများတွင်ပါဝင်သော အကဲဖြတ်မှုများ၊ အကြံပြုချက် များနှင့် သုံးသပ်ချက်များ၊ လူ့အခွင့်အရေး ကောင်စီ၏အထူးလုပ်ငန်းစဉ်များ (လွတ်လပ်သောကျွမ်းကျင် ပညာရှင်များ) မှ သီးခြားဖြစ်ရပ်များအပေါ် အကြောင်းအရာအလိုက်အစီရင်ခံစာများနှင့်ဆက်သွယ်မှု များ၊
- နိုင်ငံအားလုံးအလှည့်ကျသုံးသပ်မှု (UPR) မှထွက်ပေါ်လာသော အကြံပြုချက်များ၊
- လူ့အခွင့်အရေးကောင်စီနှင့်အထွေထွေညီလာခံတို့မှ အတည်ပြုဆုံးဖြတ်ချက်များ၊
- လူ့အခွင့်အရေးကောင်စီက ထူထောင်ထားသော စုံစမ်းစစ်ဆေးရေးကော်မရှင်၏အစီရင် ခံစာများ၊ ဖြစ်ရပ် မှန်ရှာဖွေရေးမစ်ရှင်များနှင့် အခြားအရေးပေါ်လူ့အခွင့်အရေးစုံစမ်းစစ် ဆေးရေးယန္တရားများ၊
- ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ကြေညာချက်များ၊
- ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ကြေညာချက်များ၊ အစီရင်ခံစာများနှင့် လေ့လာမှုများ (ဥပမာ - လက်ရှိကွင်းထဲတွင်ဖြစ်ပေါ်နေသောလုပ် ငန်းဆောင်ရွက်မှုများအပေါ် အစီရင်ခံစာများ၊ လူ့ အခွင့်အရေးကောင်စီ သို့မဟုတ် ကုလသမဂ္ဂအထွေထွေညီလာခံတို့က တာဝန်ပေးထားသော နိုင်ငံနှင့် အကြောင်းအရာအ လိုက်အခြေအနေများအပေါ် အစီရင်ခံစာများနှင့်လေ့လာမှုများ)၊
- လူ့အခွင့်အရေးနယ်ပယ်တွင် ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်သောပုဂ္ဂိုလ်များနှင့်အုပ်စု များအား ခြိမ်း ခြောက်ခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်းများ ပြုလုပ်ခြင်းနှင့်ပတ်သက်သည့် ဖြစ်ရပ်များအပေါ် အထွေ ထွေအတွင်းရေးမှူးချုပ်၏နှစ်စဉ်အစီရင်ခံစာနှင့်
- အထွေထွေအတွင်းရေးမှူးချုပ်၊ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးတို့၏ တိုင်းပြည်များအပေါ်ပြုလုပ် သည့်မေတ္တာရပ်ခံချက်များ သို့မဟုတ် လူ့အခွင့်အရေးကျွမ်း ကျင်ပညာရှင်များ၏အများပြည်သူရှေ့ မှောက် ကြေညာချက်များ၊

ထိုတွေ့ရှိချက်များနှင့်အကြံပြုချက်များသည် ဒေသဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများအား ပံ့ပိုးရန်နှင့်ပုံဖော်ရန် အတွက်အပြင် အကာအကွယ်ပေးနိုင်သော ထောက်ခံအားပေးပြီး၊ လမ်းညွှန်မှုပေးသည့် အားကောင်းသော ကိရိယာများဖြစ်နိုင်သည်။ ဥပမာအားဖြင့် အရပ်ဘက်လူ မှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများ လုပ် ဆောင်နိုင်သည်များမှာ -


- ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်မှအကြံပြုချက်များအား အကောင်အထည်ဖော်ရာတွင် ဗဟိုနှင့် ဒေသခံ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- တိုင်းပြည်အတွင်း လူ့အခွင့်အရေးအလေ့အထများအပေါ် နိုင်ငံတကာပိုင်းခြားစိတ်ဖြာ မှုနှင့်မျှော်လင့် ချက်များအကြောင်းကို ဒေသခံလူထုအသိုင်းအဝိုင်းများ သိရှိရန်အတွက် နှိုးကြားမှုပေးခြင်း၊
- ဗဟိုနှင့်ဒေသခံအဆင့်ရှိအာဏာပိုင်များ၏တုံ့ပြန်မှုများနှင့်အရေးယူဆောင်ရွက်မှုများအား စောင့်ကြည့် လေ့လာပြီးအကဲဖြတ်ခြင်း၊

- ဩဇာအာဏာရှိပြီး၊ဓမ္မဓိဋ္ဌာန်ကျသည့်ဘာသာစကားအသုံးအနှုန်း၊ ထိရောက်သည့်မဟာဗျူဟာများနှင့် ကောင်းသောအလေ့အထအဖြေများမှတစ်ဆင့် တည်ရှိနေသော ထောက်ခံအားပေးရေးပစ္စည်းများအား မြှင့်တင်ခြင်း၊
- အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အများပြည်သူများအကြားနှင့် အနံ့တွင် ထင်မြင်ယူဆချက်များအား ဆော်ဩခြင်း၊
- လုပ်ဖော်ကိုင်ဘက်များတည်ဆောက်ခြင်း၊
- အများပြည်သူတာဝန်ရှိသူများနှင့်ပြုလုပ်သည့် ဆွေးနွေးမှုများ၏အရည်အသွေးအား မြှင့်တင်ခြင်း၊
- မူဝါဒချမှတ်ခြင်းတွင် ပါဝင်ဖြည့်ဆည်းပေးခြင်း၊
- တရားရေးဆိုင်ရာဆောင်ရွက်မှုများနှင့်တရားစွဲဆိုမှုများအား ပံ့ပိုးခြင်း၊
- လူ့အခွင့်အရေးယန္တရားများ၏နောက်ဆက်တွဲလုပ်ငန်းစဉ်များတွင် ပါဝင်ဖြည့်ဆည်းပေးခြင်း
- ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားများထံ တစ်ဦးချင်းတိုင်ကြားစာတင်သွင်းလိုသောပုဂ္ဂိုလ်များအား လက်လှမ်းမီမှုနှင့်နည်းပညာဆိုင်ရာအကြံဉာဏ်များပေးခြင်း။

အခြားနိုင်ငံများနှင့်ဆက်စပ်သည့် ကုလသမဂ္ဂ၏တွေ့ရှိချက်များသည်လည်း ထိုအခြားနေရာများနှင့်တူညီသည့် အတွေ့အကြုံများနှင့်ပတ်သက်သည့် မဟာဗျူဟာများအကြောင်း အချက်အလက်များစွာရရှိနိုင်သည့်ဇာစ်မြစ် ဖြစ်သည်။

## ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာယန္တရားများ အလုပ်လုပ်ပုံ

ယေဘုယျအားဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာယန္တရားများသည် လူ့အခွင့်အရေးပြဿနာများအား ကိုင် တွယ်ဖြေရှင်းရန်ကြိုးပမ်းရာတွင် ဆင်တူရိုးမှားလုပ်ငန်းစဉ်တစ်ခုအား ကျင့်သုံးသည်။အချက်အလက်များကို စုဆောင်း သို့မဟုတ် ကျယ်ပြန့်သောဇာစ်မြစ်မျိုးစုံမှရယူပြီး ထိုအထဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင် လှုပ်ရှားဆောင်ရွက်သူများ ပါဝင်သည်။ ၎င်းအား ပိုင်းခြားစိတ်ဖြာပြီး ညီညွတ်မှု၊ ယုံကြည်စိတ်ချရမှုနှင့် တိကျမှုတို့ ကို အပြန်အလှန်စစ်ဆေးသည်။ ထို့နောက် ယန္တရားသည် စာဖြင့်အပြန်အလှန်ဆွေးနွေးမှုများပြုလုပ်ခြင်း သို့မ ဟုတ် ကိုယ်တိုင် ထိုနိုင်ငံအတွင်းမှလူဖြင့် အချက်အလက်များ၏ပါဝင်မှုများအား ရှင်းလင်းချက်ယူခြင်းများ ပြုလုပ် သည်။ နိုင်ငံအား ပြဿနာကို မည်ကဲ့သို့ဖြေရှင်းသင့်သည်နှင့်ပတ်သက်၍ အကြံပြုချက်များပြုလုပ်ပြီး အကြံ ပြုချက်များအားအကောင်အထည်ဖော်နိုင်ရန်အတွက် အထောက်အကူပေးသည်။ ထို့နောက် အကြံပြုချက်များ နှင့်ပတ်သက်သည့်တိုးတက်မှုများအား အကဲဖြတ်ရန်အတွက် နောက်ထပ်အချက်အလက်များအား ကောက်ယူ စုစည်းသည်။




၂၀၁၁ ခုနှစ်၊ ဧပြီလတွင် Spanish Committee of Representatives of Persons with Disabilities (CERMI) မှအဖွဲ့ဝင်များသည် ပဋ္ဌမအကြိမ်ကျင်းပသော Committee on Rights of Persons with Disabilities (CRPD) တွင် တက်ရောက်ပြီး အကြောင်းအရာများစာရင်း ကိုပြုစုရာတွင် ပံ့ပိုးဖြည့်ဆည်းပေးသည်။ ၎င်းသည် အစီရင်ခံစာ တစ်စောင်အားတင်သွင်းပြီး ကော်မတီအား အသေးစိတ်ရှင်းလင်းပြကာ စပိန်နိုင်ငံအတွက်ရည်ရွယ်သော အကြံပြုချက်များအား လိုက်လံဆောင်ရွက်သည်။ အထူးသဖြင့် CERMI သည် ထိုအချိန်တွင် အကြမ်းအားဖြင့် လူပေါင်း ၈၀,၀၀၀ ခန့်အား သက်ရောက်မှုရှိသောသူတို့၏မသန်စွမ်းမှုကြောင့် မဲပေးခွင့်မရရှိသူများအား မဲပေး ခွင့်ပြန်လည်ရရှိကြစေရန်အတွက် ကျယ်ပြန့်သောစည်းရုံးလှုံ့ဆော်မှုတစ်ခုအား ဆောင်ရွက်ခဲ့သည်။ကော်မတီက အကြံပြုသည်မှာ "မသန်စွမ်းမှုပုံစံ၊ တရားဝင်အနေအထား သို့မဟုတ် နေထိုင်သည့်နေရာတို့သည် မည်သို့ပင် ဖြစ်စေ မသန်မစွမ်းသူအားလုံးအနေနှင့် မဲပေးခွင့်ရရှိခြင်းကို အာမခံချက်ပေးရန်အတွက် ဆက်နွယ်သည့်ဥပဒေ အားလုံးအား ပြန်လည်သုံးသပ်ရန်" ဖြစ်သည် (CRPD/C/ESP/CO/1၊ အပိုဒ်-၄၈)။CERMI သည် ဥပဒေများ ပြင် ဆင်ခြင်းကိုထောက်ခံသည့် ကနဦးခြေလှမ်းအချို့ဆောင်ရွက်ခဲ့ပြီး ထိုအထဲတွင် မဲပေးပိုင်ခွင့်ကိုတောင်းဆို ကျင့်သုံးရန် လက်တွေ့ကျသောအဆင့်များအား အသေးစိတ်ဖော်ပြထားသည့် "သင့်မှာ မဲပေးပိုင်ခွင့်ရှိသည်၊ ၎င်း အားမည်သူမှယူမသွားနိုင်" ဟု ခေါင်းစဉ်တပ်ထားသောလမ်းညွှန်မှုတစ်ခုပါဝင်သည်။ CERMI ၏ထောက်ခံ အားပေးမှုရလဒ်အနေနှင့် တရားလွှတ်တော်ချုပ်ရုံး၏အစိုးရရှေ့နေချုပ်သည် ဒေသတွင်းရှိအစိုးရရှေ့နေအားလုံး အား မသန်မစွမ်းသူများ၏မဲပေးခွင့်ကို အကာအကွယ်ပေးရန်အတွက် တိုက်တွန်းခဲ့သည်။ ထို့အပြင် CERMI သည် အစိုးရနှင့်လွှတ်တော်တို့အား ဥပဒေများကို CRPD ၏သုံးသပ်တွေ့ရှိချက်များနှင့်အညီ ပြင်ဆင်ရန်အတွက် လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပြုထားသောပြင်ဆင်ချက်အား လွှတ်တော်အဖွဲ့ဝင်များနှင့်အစိုးရထံသို့ ပေးပို့ခဲ့သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအနေနှင့် ဒေသခံပြည်သူများအား ဆော်သြရန် နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏နေရာကဏ္ဍအား မြှင့်တင်ပြီးကာကွယ်ရန် အစိုးရတာဝန်ရှိသူများကို အား ပေးရန်အတွက် အမျိုးသားမဟာဗျူဟာများအားပံ့ပိုးရန် နိုင်ငံတကာအသိုင်းအဝိုင်း၏အသံကို အသုံးပြုနိုင်သည်။

## ကျွန်ုပ် ဘာလုပ်နိုင်သလဲ။

- သင်၏နိုင်ငံနှင့်ပတ်သက်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးမှတ်တမ်းများအား သိရှိပြီးဝေမျှရန် -

http://www.ohchr.org/EN/Countries/Pages/HumanRightsintheWorld.aspx

- အနီးဆုံး OHCHR ရုံး သို့မဟုတ် UN Country Team တို့အား ဆက်သွယ်ပြီး အရပ်ဘက်လူမှုအဖွဲ့အ စည်း၏နေရာကဏ္ဍနှင့်ပတ်သက်သည့် သင်၏အတွေ့အကြုံများအား OHCHR ၏ အရပ်ဘက်လူမှု အဖွဲ့အစည်းဌာန - **civilsociety@ohchr.org** ထံသို့ ဝေမျှရန်

- လူ့အခွင့်အရေးသဘောတူစာချုပ်အဖွဲ့အစည်းများတွင် မည်ကဲ့သို့ပံ့ပိုးဖြည့်ဆည်းရန်နှင့်ပါ ဝင်ဆောင် ရွက်ရန်နည်းလမ်းများအား ရှာဖွေရန် -

http://www.ohchr.org/Documents/Publications/NgoHandbook/ngohandbook4.pdf

- သင့်တော်သည့်အခါမျိုးတွင် လူ့အခွင့်အရေးသဘောတူညီချက်တစ်ခုအောက် ၌ တိုင်ကြားချက်အား တင်သွင်းပြီး ကြားဖြတ်ဆောင်ရွက်မှုများ သို့မဟုတ် အရေးပေါ် ဆောင်ရွက်မှုများ တောင်းဆိုရန် -

http://www.ohchr.org/Documents/Publications/FactSheet7Rev.2.pdf

- လူ့အခွင့်အရေးကောင်စီ၏အထူးလုပ်ငန်းအစီအစဉ် ကျွမ်းကျင်ပညာရှင်များထံ တိုင်ကြားချက်တစ်ခု တင်သွင်းရန် -

http://www.ohchr.org/EN/HRBodies/SP/Pages/Communications.aspx

- လူ့အခွင့်အရေးကောင်စီ၏တိုင်ကြားချက်များလုပ်ငန်းစဉ်ထံသို့ တိုင်ကြားချက်တစ်ခုတင်သွင်းရန် -

http://www.ohchr.org/EN/HRBodies/HRC/ComplaintProcedure/Pages/HRCComplaintProcedureIndex.aspx

- လူ့အခွင့်အရေးကောင်စီ၏ဆက်ရှင်များတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း၏နေရာ ကဏ္ဍနှင့်ပတ်သက် သည့် သင်၏အချက်အလက်များနှင့်အတွေ့အကြုံများအား ဝေမျှရန် -

http://www.ohchr.org/Documents/HRBodies/HRCouncil/PracticalGuideNGO_en.pdf

- သင့်နိုင်ငံရှိ လူ့အခွင့်အရေးကောင်စီ၏နိုင်ငံအားလုံးအလှည့်ကျသုံးသပ်မှုတွင် အရပ်ဘက်လူမှုအဖွဲ့အ စည်း၏နေရာကဏ္ဍနှင့်ပတ်သက်သည့် သင်၏အချက်အလက်များနှင့်အတွေ့အကြုံများအား ဝေမျှရန် -

http://www.ohchr.org/EN/HRBodies/UPR/Documents/PracticalGuideCivilSociety.pdf

- လက်တုံ့ပြန်ခြင်းနှင့်ပတ်သက်သည့် အထွေထွေအတွင်းရေးမှူးချုပ်၏နှစ်စဉ်အစီရင်ခံစာအား ပံ့ပိုးဖြည့် ဆည်းပေးနိုင်ရန်အတွက် ကုလသမဂ္ဂ၊ ၎င်း၏ကိုယ်စားလှယ်များနှင့် ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက် ခြင်းအတွက် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အုပ်စုများ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်းများခံရသည့်ဖြစ်ရပ်များနှင့်ပတ်သက်သည့် အသေးစိတ်နှင့်ဆန်းစစ်ထားသည့် အချက်အလက်များအားဖြည့်ဆည်းပေးရန် - reprisals@ohchr.org
- ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးတို့၏ အ ကြောင်းအရာအလိုက်အစီရင်ခံစာများတွင် ထည့်သွင်းဖြည့်ဆည်းပေးရန်၊
- အထူးလုပ်ငန်းအစီအစဉ်၏အကြောင်းအရာအလိုက်နှင့်နိုင်ငံအလိုက်အစီရင်ခံစာများတွင် ထည့်သွင်း ဖြည့်ဆည်းပေးရန် -

http://www.ohchr.org/Documents/Publications/NgoHandbook/ngohandbook6.pdf

- ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားများ၏လုပ်ငန်းဆောင်ရွက်မှုများအကြောင်း အဆက်မပြတ်သိရှိနိုင် ရန်အတွက် Civil Society Section ၏ e-mail စာရင်းထဲတွင် ဝင်ရောက်စာရင်းသွင်းရန် -

http://www.ohchr.org/EN/AboutUs/Pages/CivilSociety.aspx

## မျှော်မှန်းချက်များအား စီမံခန့်ခွဲခြင်း


နိုင်ငံများသည် လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်၊ ဖွဲ့စည်းနိုင်ခွင့်၊ အေးချမ်းစွာစုဝေးနိုင်ခွင့်နှင့် အများပြည်သူရေး ရာကိစ္စများတွင်ပါဝင်နိုင်ခွင့်တို့အား မြှင့်တင်ရန်နှင့်ကာကွယ်ရန် အဓိကတာဝန်ရှိသည်။ အရပ်ဘက်လူမှုအဖွဲ့အ စည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများသည် ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်နှင့် အခြားပါဝင်ဆောင်ရွက်သူ များနှင့်အတူ နိုင်ငံများအား သူတို့တာဝန်ဝတ္တရားများဆောင်ရွက်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးနိုင်သည်။

စည်းမျဉ်းများ သို့မဟုတ် ဥပဒေများအပေါ်အခြေပြု၍ အရပ်ဘက်လူမှုအဖွဲ့အစည်း၏နေရာကဏ္ဍ၏အဟန့်အ တားများ ကိုင်တွယ်ဖြေရှင်းရာတွင် ပုံမှန်အားဖြင့် ပြောင်းလဲမှုများဖြစ်ပေါ်စေရန်အတွက် အချိန်များစွာလိုအပ် သော်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက်သူများအပေါ် နှောင့်ယှက်မှုများ၊ ခြိမ်း ခြောက်မှုများနှင့် လက်တုံ့ပြန်မှုများပြုလုပ်ခြင်းအားအရေးပါအာရုံစိုက်ရန်လိုအပ်သည်။ ထိုဖြစ်ရပ်မျိုးနှင့်သင့် တော်သည့် ဆက်စပ်သောကုလသမဂ္ဂ၏လုပ်ပိုင်ခွင့်အာဏာ သို့မဟုတ် ယန္တရားအား အသုံးပြုရန် အရေးကြီး သည်။

ထိုအခြေအနေများတွင် ကောင်းသောရလဒ်ကိုရရှိရန် လွှမ်းမိုးနိုင်ခြင်းသည် စုပေါင်းကြိုးပမ်းမှုအပေါ်မူတည်ပြီး ပုံမှန်အားဖြင့် ကျယ်ပြန့်သည့်ပါဝင်ဆောင်ရွက်သူများအား ဆော်ဩနိုင်ခြင်းက ဆုံးဖြတ်ချက်ပေးပြီး ထိုသူများထဲ တွင် - ဒေသခံလူထု၊ အခြားအရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါ

ဝင်လှုပ်ရှားဆောင်ရွက်သူများ (ဒေသခံနှင့်နိုင်ငံ တကာ)၊ တိုင်းပြည်အဆင့်လူ့အခွင့်အရေးအဖွဲ့ အစည်းများ၊ မီဒီယာ၊ အစိုးရတာဝန်ရှိသူများ၊ နိုင်ငံရေးသမား များ၊အခြားနိုင်ငံများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့ ပါဝင်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားဆောင်ရွက် သူများ၏ပါဝင် ဆောင်ရွက်မှုသည် ပြောင်းလဲမှု၏အသံများ တိုးပွားလာရန်နှင့်မြင့်တက်လာရန် နည်းလမ်းတစ်ခုဖြစ်သည်။ ၎င်း သည် အရပ်ဘက်လူမှုအဖွဲ့အစည်း၏နေရာကဏ္ဍအားမြှင့်တင်ရန် နှင့်ကာကွယ်ပေးရန် ထိရောက်သောအလုံးစုံ ထောက်ခံအားပေးရေးမဟာဗျူဟာ၏အစိတ်အပိုင်း တစ်ခုဖြစ်သည်။



# ၆။ မှတ်တမ်းတင်ထားသည့်ကိုးကားမှုများ

## ကုလသမဂ္ဂအရင်းအမြစ်များ

Working with the United Nations Human Rights Programme: A Handbookfor Civil Society

http://www.ohchr.org/EN/AboutUs/CivilSociety/Documents/Handbook_en.pdf

How to Follow Up on United Nations Human Rights Recommendations- A Practical Guide for Civil Society –

http://www.ohchr.org/Documents/AboutUs/CivilSociety/HowtoFollowUNHRRecommendations.pdf

OHCHR Management Plan (2014-2017), Thematic Strategy onWidening the Democratic Space (pp. 72-83) -

http://www2.ohchr.org/english/OHCHRreport2014_2017/OMP_Web_version/media/pdf/10_Democratic_space.pdf

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကြေညာစာတမ်း -

http://www.ohchr.org/EN/Issues/SRHRDefenders/Pages/Declaration.aspx

အရပ်ဘက်လူမှုအဖွဲ့အစည်း၏နေရာကဏ္ဍအား မြှင့်တင်ခြင်းနှင့်အကာအကွယ်ပေးခြင်းတို့၏အရေးကြီးမှုနှင့် ပတ်သက်ပြီးပြုလုပ်သည့် လူ့အခွင့်အရေးကောင်စီမျက်နှာစုံညီဆွေးနွေးပွဲအကျဉ်းချုပ်၊ A/HRC/27/33။

လူ့အခွင့်အရေးကော်မတီ၊ အထွေထွေမှတ်ချက်နံပါတ် ၃၄၊ အပိုဒ် ၁၉ - လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်နှင့် ဖွင့်ဟဖော်ပြနိုင်ခွင့်၊ CCPR/C/GC/34။

လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့်နှင့်ပတ်သက်သည့် ဥပဒေပြုရေးအား အကဲဖြတ်ခြင်း၊ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများ၏အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏အစီရင်ခံစာ၊A/64/226။

အမျိုးသမီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် ပြုလုပ်သည့်လေ့လာမှု၊ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများ၏အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏အစီရင်ခံစာ၊ A/HRC/16/44။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအတွက် လုံခြုံစိတ်ချရပြီးလုပ်ကိုင်ဆောင်ရွက်နိုင်သည့် ပတ်ဝန်း ကျင်၏အစိတ်အပိုင်းများ၊ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများ၏အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏အစီရင်ခံစာ၊ A/HRC/25/55။

ငွေကြေးအရင်းအမြစ်များလက်လှမ်းမီနိုင်ရန်အတွက် အသင်းအဖွဲ့များဖွဲ့စည်းနိုင်ခြင်း၊ လွတ်လပ်အေးချမ်းစွာ စုဝေးနိုင်ခွင့်နှင့်ဖွဲ့စည်းနိုင်ခွင့်ဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏အစီရင်ခံစာ၊ A/HRC/23/39။

လူ့အခွင့်အရေးနယ်ပယ်အတွင်း ကုလသမဂ္ဂ၏ကိုယ်စားလှယ်များနှင့်ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း နှင့်ပတ်သက်သည့် အထွေထွေအတွင်းရေးမှူးချုပ်၏အစီရင်ခံစာများ (A/HRC/27/38,A/HRC/24/29, A/HRC/21/18, A/HRC/18/19,A/HRC/14/19)။

Chapter 16, Engagement and Partnerships with Civil Society, OHCHRManual on Human Rights Monitoring -

http://www.ohchr.org/Documents/Publications/Chapter16-MHRM.pdf

## ရွေးချယ်ထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့်အခြားအရင်းအမြစ်များ

Checklist of principles and elements for national laws (InternationalCentre for Not-for-Profit Law) -

http://www.icnl.org/research/library/files/Transnational/checklisten.pdf

Code of Good Practice for civil society participation modalities indecision-making processes, Council of Europe -

http://www.coe.int/t/ngo/code_good_prac_en.asp

Reprisals Handbook (International Service for Human Rights) -

http://www.ishr.ch/news/reprisals-handbook

Enabling Environment Index 2013 (CIVICUS) -

http://www.civicus.org/downloads/2013EEI%20REPORT.pdf

# ၇။ ဆက်သွယ်ရန်

OHCHR's Civil Society Section can be contacted at:

civilsociety@ohchr.org

တယ်လီဖုန်း - +၄၁ (၀) ၂၂ ၉၁၇ ၉၆၅၆

အရပ်ဘက်လူမှုအဖွဲ့အစည်း e-mail broadcast စနစ်သည် နောက်ဆုံးရရှိသည့်သတင်းအချက်အလက်များနှင့် လူ့အခွင့်အရေးဆိုင်ရာအခွင့်အာဏာများနှင့်ယန္တရားများ အားလုံးအပါအဝင် ရန်ပုံငွေများ၊ ထောက်ပံ့ကြေးများ နှင့် fellowship များအတွက် အချက်အလက်များနှင့် လျှောက်လွှာတင်ရန် နောက်ဆုံးရက်များ ရရှိနိုင်သည်။

စာရင်းပေးရန်အတွက် the civil society webpage ထံ သွားရောက်ကြည့်ရှုရန်

http://www.ohchr.org/EN/AboutUs/Pages/CivilSociety.aspx



Made of paper awarded the European Union Eco-label, reg.nr FI/111/, supplied by UPM.

အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက် လက်တွေ့လမ်းညွှန်

အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် နေရာကဏ္ဍနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်

**Office of the High Commissioner for Human Rights**
Palais des Nations
CH 1211 Geneva 10- Switzerland
Telephone: + 41 (0)22 917 90 00
Fax: +41 (0) 22 917 90 08
www.ohchr.org

UNITED NATIONS

UNITED NATIONS HUMAN RIGHTS OFFICE OF THE HIGH COMMISSIONER